# မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်
# ၃ နှစ်အတွင်း ဆောင်ရွက်ချက်များ
# ၅-၉-၂၀၁၁ ရက်နေ့မှ ၂၄-၉-၂၀၁၄ ရက်နေ့ထိ

## မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁။ | **ကော်မရှင်ရုံးဖွဲ့စည်းခြင်းနှင့် လုပ်ငန်းများဆောင်ရွက်ခြင်း** | |
| | ▪ ကော်မရှင် ဖွဲ့စည်းခြင်း | ၁ |
| | ▪ ကော်ရှင်ရုံးလုပ်ငန်းများ စတင်ဆောင်ရွက်ခြင်း | ၁ |
| | ▪ ကော်မရှင်ရုံး စတင်ဖွင့်လှစ်ခြင်း | ၁ |
| | ▪ ကော်ရှင်ရုံးအဖွဲ့ ဖွဲ့စည်းခြင်း | ၂ |
| ၂။ | **စီမံရေးရာနှင့် ဘဏ္ဍာရေးဌာန၏ လုပ်ဆောင်မှုများ** | |
| | ▪ စီမံရေးရာ ကိစ္စရပ်များ | ၂ |
| | ▪ ဝန်ထမ်းရေးရာ ကိစ္စရပ်များ | ၂ |
| | ▪ ထောက်ပံ့ရန်ပုံငွေ | ၂ |
| ၃။ | **လူ့အခွင့်အရေးဆိုင်ရာ မူဝါဒနှင့် ဥပဒေဌာန၏ လုပ်ဆောင်မှုများ** | |
| | ▪ တာဝန်နှင့် လုပ်ပိုင်ခွင့်များ | ၃ |
| | ▪ မူဝါဒဆိုင်ရာ ဆောင်ရွက်ချက်များ | ၃ |
| | ▪ ဥပဒေဆိုင်ရာ ဆောင်ရွက်ချက်များ | ၃ |
| | ➢ ကမ္ဘာ့လူ့အခွင့်အရေး ကြေညာစာတမ်းကို မြန်မာဘာသာသို့ ပြန်ဆိုခြင်း။ | |
| | ➢ လူ့အခွင့်အရေးနှင့် စပ်လျဉ်းသည့် ကိစ္စရပ်များ၊ လူ့အခွင့်အရေးဆိုင်ရာ စာချုပ်များနှင့် စပ်လျဉ်း၍ သုံးသပ်အကြံပြုခြင်း။ | |
| | ➢ မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်၏ လုပ်ထုံးလုပ်နည်းကို ပြည်ထောင်စု အစိုးရအဖွဲ့ရုံးမှ ပေးပို့ခြင်း။ | |
| | ➢ မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင် ဥပဒေမူကြမ်း ရေးဆွဲခြင်း | |
| ၄။ | **လူ့အခွင့်အရေး ကာကွယ်စောင့်ရှောက်ရေးဌာန၏ လုပ်ဆောင်မှုများ** | |
| | ▪ တာဝန်နှင့် လုပ်ပိုင်ခွင့်များ | ၇ |
| | ▪ တိုင်တန်းချက်များကို ဆောင်ရွက်ပုံ | ၈ |
| | ➢ ၂၀၁၁ ခုနှစ် ဆောင်ရွက်မှု အခြေအနေ။ | |
| | ➢ ၂၀၁၂ ခုနှစ် ဆောင်ရွက်မှု အခြေအနေ။ | |
| | ➢ ၂၀၁၃ ခုနှစ် ဆောင်ရွက်မှု အခြေအနေ။ | |
| | ➢ ၂၀၁၄ ခုနှစ် ဆောင်ရွက်မှု အခြေအနေ။ | |
| | ➢ ၃၀ - ၉ - ၂၀၁၁ ရက်နေ့မှ ၂၄-၉-၂၀၁၄ ရက်နေ့အထိ တိုင်တန်းချက်များ ဆောင်ရွက်မှု အခြေအနေ။ | |
| | ▪ လက်ခံရရှိသော အမှုအမျိုးအစားများ အခြေအနေ တင်ပြချက် | ၁၁ |

- အကြောင်းပြန်ကြားစာ ရရှိမှုများ ---------------------------------------------- ၁၂
- မှတ်တမ်းတင်ထားရှိသည့် တိုင်းတန်းချက် အမျိုးအစားများ -------------------- ၁၃
- ကွင်းဆင်းစစ်ဆေးမှု အခြေအနေ ---------------------------------------------- ၁၃
  - ၂၀၁၁ ခုနှစ်အတွင်း (၁) ကြိမ်
  - ၂၀၁၂ ခုနှစ်အတွင်း (၉) ကြိမ်
  - ၂၀၁၃ ခုနှစ်အတွင်း (၂) ကြိမ်
  - ၂၀၁၄ ခုနှစ်အတွင်း (၄) ကြိမ်
- အကျဉ်းထောင်များ စစ်ဆေးခြင်း ---------------------------------------------- ၁၆
  - ၂၀၁၁ ခုနှစ်အတွင်း (၃) ကြိမ်
  - ၂၀၁၂ ခုနှစ်အတွင်း (၄) ကြိမ်
- မေတ္တာရပ်ခံသည့် အိတ်ဖွင့်စာများ ပေးပို့ခြင်း ------------------------------------ ၁၇
- နိုင်ငံရေးအကျဉ်းသားများ ကိစ္စ ---------------------------------------------- ၁၈
- ဆောင်ရွက်ချက်အကျဉ်းချုပ် ---------------------------------------------- ၁၈

၅။ **နိုင်ငံတကာဆက်ဆံရေးဌာန၏ လုပ်ဆောင်မှုများ**
- တာဝန်နှင့် လုပ်ပိုင်ခွင့်များ ---------------------------------------------- ၁၉
- လုပ်ငန်းတာဝန်များ ထမ်းဆောင်ခြင်း ---------------------------------------------- ၁၉
- ဒေသဆိုင်ရာ လူ့အခွင့်အရေး အဖွဲ့အစည်းများတွင် ပါဝင်မှု ------------------------ ၂၀
  - Southeast Asia National Human Rights Institutions Forum (SEANF) နှင့် ပူးပေါင်း ဆောင်ရွက်ခြင်း။
  - Asia-Pacific Forum (APF) နှင့် ပူးပေါင်း ဆောင်ရွက်ခြင်း။
  - နိုင်ငံတကာ လူ့အခွင့်အရေး အဖွဲ့အစည်းများ၏ လုပ်ငန်း ဆောင်ရွက်ပုံနည်းလမ်းများကို လေ့လာခြင်း။
- သတင်းထုတ်ပြန်ချက်များ ---------------------------------------------- ၂၂

၆။ **လူ့အခွင့်အရေး မြှင့်တင်ရေးနှင့် လေ့ကျင့်ပညာပေးရေးဌာန၏ လုပ်ဆောင်မှုများ**
- တာဝန်နှင့် လုပ်ပိုင်ခွင့်များ ---------------------------------------------- ၂၃
- လုပ်ငန်းအကောင်အထည်ဖော်ဆောင်ရွက်ချက်များ ---------------------------- ၂၃

၇။ **နိဂုံး** ---------------------------------------------- ၂၈

# မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်
# ၃ နှစ်အတွင်း ဆောင်ရွက်ချက်များ
# ၅-၉-၂၀၁၁ ရက်နေ့မှ ၂၄-၉-၂၀၁၄ ရက်နေ့ထိ

## ကော်မရှင်ဖွဲ့စည်းခြင်း

၁။ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၊ ပြည်ထောင်စုအစိုးရအဖွဲ့သည် ဖွဲ့စည်းပုံအခြေခံ ဥပဒေပါ နိုင်ငံသားများ၏ မူလအခွင့်အရေးများကို မြှင့်တင်ရေးနှင့် ကာကွယ်စောင့်ရှောက်ရေးတို့ အား ဆောင်ရွက်ရန်အလို့ငှာ ၂၀၁၁ ခုနှစ်၊ စက်တင်ဘာလ ၅ ရက်နေ့တွင် အမိန့်ကြော်ငြာစာအမှတ် (၃၄/၂၀၁၁) ဖြင့် ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌ၊ အတွင်းရေးမှူး ပါဝင်သော စုစုပေါင်း အဖွဲ့ဝင်(၁၅) ဦးဖြင့် မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်ကို ဖွဲ့စည်းခဲ့ပြီး တာဝန်နှင့် လုပ်ပိုင်ခွင့်များ သတ်မှတ်ထုတ်ပြန်ခဲ့ပါသည်။

## ကော်မရှင် လုပ်ငန်းများ စတင်ဆောင်ရွက်ခြင်း

၂။ ပြည်ထောင်စုအစိုးရအဖွဲ့၏ ခွင့်ပြုချက်ဖြင့် မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင် ရုံးကို နိုင်ငံတော် သမ္မတ၏ အကြံပေးအဖွဲ့ရုံး၊ အမှတ်(၅၁)၊ ချင်းတွင်းလမ်း၊ ကမာရွတ်မြို့နယ်တွင် ၁၂-၉-၂၀၁၁ ရက်နေ့မှစ၍ ခေတ္တဖွင့်လှစ်ပြီး ကော်မရှင်လုပ်ငန်းများ စတင်ဆောင်ရွက်ခဲ့ပါသည်။ နိုင်ငံတော်သမ္မတရုံး၊ ပြည်ထောင်စုအစိုးရအဖွဲ့ရုံး၊ ပြည်ထဲရေးဝန်ကြီးဌာနတို့မှ အရာထမ်း (၁၁) ဦး၊ အမှုထမ်း (၁၁) ဦး စုစုပေါင်း (၂၂) ဦးဖြင့်တွဲဖက်၍ မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင် ရုံးအဖွဲ့ ဖွဲ့စည်းပြီး ၂၆-၉-၂၀၁၁ ရက်နေ့မှစတင်၍ ကော်မရှင်ရုံး၏ လုပ်ငန်းများကို စတင်ဆောင် ရွက်ခဲ့ပါသည်။

## ကော်မရှင်ရုံး စတင်ဖွင့်လှစ်ခြင်း

၃။ ကော်မရှင်သည် မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်ရုံးကို အမှတ် (၅၁)၊ ချင်းတွင်းလမ်း၊ ကမာရွတ်မြို့နယ်ရှိ ခေတ္တရုံးနေရာတွင် ဖွင့်လှစ်ထားရာမှ အမှတ်(၂၇)၊ ပြည်လမ်း၊ လှိုင်မြို့နယ် (ယခင် မြန်မာစာကော်မရှင်ရုံး) သို့ ၂၀-၁၀-၂၀၁၁ ရက်နေ့တွင် ပြောင်းရွှေ့၍ ဖွင့်လှစ်ပြီး လုပ်ငန်းတာဝန်များကို ဆက်လက် ဆောင်ရွက်ခဲ့ပါသည်။ ပင်မ အဆောက်အဦတွင် ကော်မရှင် အဖွဲ့ဝင် (၁၅) ဦး၏ ရုံးခန်းများ၊ ဧည့်ခန်း၊ အစည်းအဝေးခန်းမနှင့် ကွန်ပျူတာခန်းများ ပါဝင် ဖွဲ့စည်းထားပါသည်။ ယင်းပင်မ အဆောက်အဦ၏ အနောက်ဘက် နှစ်ထပ်ဆောင် မြေညီထပ်တွင် ကော်မရှင်ရုံး ဌာန (၅) ခုကို နေရာချထားခဲ့ပါသည်။ အပေါ်ထပ်တွင် MDRI မှ ရုံး ဖွင့်လှစ် ထားပါသည်။ ၃-၁၁-၂၀၁၁ ရက်နေ့ နံနက် (၀၅:၃၀) နာရီတွင် မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့် အရေး ကော်မရှင်ရုံး၌ နိုင်ငံတော် သံဃာ့မဟာနာယက ဥက္ကဋ္ဌ ဆရာတော်အပါအဝင် ပင့်သံဃာတော် (၅) ပါးအား အာရုံဆွမ်းကပ်၍ ရုံးဖွင့်လှစ်ခြင်း အထိမ်းအမှတ်အဖြစ် အလှူဒါနပြုလုပ်ခဲ့ ကြပါ သည်။

**ကော်မရှင်ရုံးအဖွဲ့ ဖွဲ့စည်းခြင်း**

၄။ မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်ရုံးကို ဌာန (၅) ခုဖြင့် အောက်ပါအတိုင်း ဖွဲ့စည်းဆောင်ရွက်ခဲ့ပါသည်-

(က) စီမံရေးရာနှင့် ဘဏ္ဍာရေးဌာန၊

(ခ) လူ့အခွင့်အရေးဆိုင်ရာမူဝါဒနှင့် ဥပဒေဌာန၊

(ဂ) လူ့အခွင့်အရေးကာကွယ်စောင့်ရှောက်ရေးဌာန၊

(ဃ) နိုင်ငံတကာဆက်ဆံရေးဌာန၊

(င) လူ့အခွင့်အရေးမြှင့်တင်ရေးနှင့် လေ့ကျင့်ပညာပေးရေးဌာန။

**စီမံရေးရာနှင့် ဘဏ္ဍာရေးဌာန၏ ဆောင်ရွက်ချက်များ**

**စီမံရေးရာ**

၅။ မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင် အုပ်ချုပ်မှု စီမံခန့်ခွဲရေး ကော်မတီကို ၂၂-၁-၂၀၁၁ ရက်နေ့တွင် ကော်မရှင် ဥက္ကဋ္ဌဦးစီးသော အဖွဲ့ဝင် (၅) ဦးဖြင့် စတင် ဖွဲ့စည်းခဲ့ပါသည်။ ၅-၉-၂၀၁၁ ရက်နေ့မှ ၂၄-၉-၂၀၁၄ ရက်နေ့ထိ အုပ်ချုပ်မှု စီမံခန့်ခွဲရေး ကော်မတီ အစည်းအဝေး (၃၀) ကြိမ် ပြုလုပ်ခဲ့ပါသည်။

၆။ ကော်မရှင် ဥက္ကဋ္ဌ ဦးစီးသော မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင် မျက်နှာစုံညီ အစည်းအဝေး (၃၀) ကြိမ်နှင့် အထူးအစည်းအဝေး (၄) ကြိမ် ပြုလုပ်ခဲ့ပါသည်။

**ဝန်ထမ်းရေးရာ**

၇။ ၂၆-၁-၂၀၁၂ ရက်နေ့တွင် ကျင်းပပြုလုပ်သော ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေး အမှတ်စဉ် (၄/၂၀၁၂) မှ သဘောတူ ခွင့်ပြုချက်အရ မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင် ရုံးအဖွဲ့၏ဖွဲ့စည်းပုံ ခွင့်ပြုဝန်ထမ်း အင်အားမှာ အရာထမ်း (၆၀) ဦး၊ အမှုထမ်း (၁၀၇) ဦး၊ စုစုပေါင်း ဝန်ထမ်း (၁၆၇) ဦး ဖြစ်ပါသည်။ ၂၀၁၁ ခုနှစ်၊ စက်တင်ဘာလမှ ၂၀၁၄ ခုနှစ်၊ စက်တင်ဘာလအထိ အရာထမ်း (၈) ဦး၊ အမှုထမ်း (၂၇) ဦး၊ စုစုပေါင်းဝန်ထမ်း (၃၅) ဦး ခန့်ထားခဲ့ပါသည်။ ကော်မရှင်ရုံး တွဲဖက်ဝန်ထမ်းများအဖြစ် နိုင်ငံတော်သမ္မတရုံးမှ (၅) ဦး၊ ပြည်ထောင်စု အစိုးရအဖွဲ့ရုံး မှ (၃) ဦး၊ ပြည်ထဲရေးဝန်ကြီးဌာနမှ (၂) ဦးတို့ဖြင့် စုစုပေါင်းဝန်ထမ်း (၁၀) ဦးသည် ၂၄-၉-၂၀၁၄ ရက်နေ့ထိ တာဝန် ထမ်းဆောင်ခဲ့ပါသည်။

**ထောက်ပံ့ရန်ပုံငွေ**

၈။ မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်သည် ၂၀၁၁ ခုနှစ်၊ စက်တင်ဘာလမှ ၂၀၁၄ ခုနှစ်၊ စက်တင်ဘာလအထိ ထောက်ပံ့ငွေ ကျပ် ၉၂၆,၂၃၇,၀၂၂/- ကို နိုင်ငံတော် သမ္မတရုံးသို့ တင်ပြတောင်းခံခဲ့ပြီး ကျပ် ၈၃၃,၅၄၉,၆၁၈/- ကို အုပ်ချုပ်မှု ကိစ္စရပ်များ၊ လူ့အခွင့်အရေး မြှင့်တင်ရေးနှင့် ကာကွယ်ရေး လုပ်ငန်းများအတွက် သုံးစွဲခဲ့ပါသည်။ ပိုလျှံရန်ပုံငွေ ကျပ် ၉၂,၆၈၇,၄၀၄/- ကို နိုင်ငံတော် သမ္မတရုံးသို့ ပြန်လည် အပ်နှံခဲ့ပါသည်။

## လူ့အခွင့်အရေးဆိုင်ရာမူဝါဒနှင့် ဥပဒေဌာန၏ ဆောင်ရွက်ချက်များ

### တာဝန်နှင့် လုပ်ပိုင်ခွင့်များ

၉။ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် အစိုးရအဖွဲ့၏ ၂၀၁၁ ခုနှစ်၊ စက်တင်ဘာလ ၅ ရက်နေ့စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၃၄/၂၀၁၁ အရ မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်ကို ဖွဲ့စည်းပေးခဲ့ပြီး တာဝန်နှင့် လုပ်ပိုင်ခွင့်များကို သတ်မှတ်ပေးခဲ့ရာ လူ့အခွင့်အရေး ဆိုင်ရာ မူဝါဒနှင့် ဥပဒေဌာနနှင့်ပတ်သက်၍ အောက်ပါအတိုင်း သတ်မှတ်ပေးခဲ့ပါသည် -

(က) မြန်မာနိုင်ငံက အဖွဲ့ဝင်အဖြစ် ပါဝင်ထားသော လူ့အခွင့်အရေးဆိုင်ရာ အပြည်ပြည်ဆိုင်ရာ စာချုပ်စာတမ်းများပါ အခွင့်အရေးများကို အပြည့်အဝ ခံစားနိုင်ခြင်း ရှိ/ မရှိ စိစစ်ခြင်းနှင့် မြန်မာနိုင်ငံက အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေး အဖွဲ့အစည်းများသို့ တင်သွင်းမည့် အစီရင်ခံစာများအပေါ် အကြံဉာဏ်ပေးခြင်း၊

(ခ) မြန်မာနိုင်ငံက အဖွဲ့ဝင်အဖြစ် ပါဝင်ခြင်း မပြုရသေးသော အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေး စာတမ်းများတွင် မြန်မာနိုင်ငံက ပါဝင် သင့်/မသင့်ကို စိစစ်၍ အကြံပြုချက်နှင့်အတူ တင်ပြခြင်း။

### မူဝါဒဆိုင်ရာ ဆောင်ရွက်ချက်များ

၁၀။ လူ့အခွင့်အရေးဆိုင်ရာ မူဝါဒနှင့် ဥပဒေဌာနသည် နိုင်ငံတကာ လူ့အခွင့်အရေးဆိုင်ရာ မူဝါဒများ၊ လူ့အခွင့်အရေးနှင့် ဆက်စပ်နေသည့် အပြည်ပြည်ဆိုင်ရာဥပဒေများနှင့် ပြည်တွင်းဥပဒေများ များကို လေ့လာခဲ့ပြီး မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်၏ ရပ်တည်မှုအတွက် အရေးပါသော မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင် ဥပဒေ ပေါ်ပေါက်လာနိုင်ရေးကို အဓိက လုပ်ငန်းစဉ်အဖြစ် ပံ့ပိုးဆောင်ရွက်ခဲ့ပါသည်။

၁၁။ မူဝါဒ၊ ဥပဒေဆိုင်ရာများနှင့် စပ်လျဉ်း၍ တိုင်စာ သို့မဟုတ် ကော်မရှင် အစည်းအဝေးတွင် ဆွေးနွေးနိုင်ရန် အလို့ငှာလည်းကောင်း၊ လိုအပ်ပါက ကိုးကားမှီငြမ်းနိုင်ရန်အတွက်လည်းကောင်း၊ လူ့အခွင့်အရေးနှင့် ဆက်စပ်သက်ဆိုင်သော ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ပြည်ထောင်စု လွှတ်တော်မှ အတည်ပြု ထုတ်ပြန်ခဲ့သော ဥပဒေများ၊ ပြည်ထောင်စုလွှတ်တော်သို့ တင်ပြထားသော ဥပဒေကြမ်းများနှင့် ပြည်ထောင်စုအစိုးရအဖွဲ့မှ သတင်းထုတ်ပြန်ချက်များ၊ အမိန့်၊ အမိန့် ကြော်ငြာ စာများကိုလည်း စဉ်ဆက်မပြတ် လေ့လာစုဆောင်းမှု ပြုလုပ်ခဲ့ပါသည်။

### ဥပဒေဆိုင်ရာ ဆောင်ရွက်ချက်များ

၁၂။ **ကမ္ဘာ့လူ့အခွင့်အရေး ကြေညာစာတမ်းကို မြန်မာဘာသာသို့ ပြန်ဆိုခြင်း**။ ကမ္ဘာ့ လူ့အခွင့် အရေး ကြေညာစာတမ်းကို ကော်မရှင်အနေဖြင့် မြန်မာဘာသာသို့ ပြန်ဆိုရာတွင် လူ့အခွင့်အရေး ဆိုင်ရာ မူဝါဒနှင့် ဥပဒေဌာနက ပါဝင်ဆောင်ရွက်ခဲ့ပါသည်။ Raoul Wallanberg Institute ၏ အကူအညီဖြင့် ကမ္ဘာ့ လူ့အခွင့်အရေးကြေညာစာတမ်း စာအုပ်ရေ (၁.၃) သိန်း ပုံနှိပ်ခဲ့ပါသည်။

၁၃။ **လူ့အခွင့်အရေးနှင့် စပ်လျဉ်းသည့် ကိစ္စရပ်များ၊ လူ့အခွင့်အရေးဆိုင်ရာ စာချုပ်များနှင့် စပ်လျဉ်း၍ သုံးသပ်အကြံပြုခြင်း**။ လူမှုဝန်ထမ်းဦးစီးဌာနမှ အမျိုးသမီးများအား နည်းမျိုးစုံဖြင့် ခွဲခြားမှု ပပျောက်ရေးဆိုင်ရာ အပြည်ပြည်ဆိုင်ရာ သဘောတူ စာချုပ်[1] ကို မြန်မာဘာသာသို့ ပြန်ဆိုရာတွင် အရေးအသား ဆီလျော်မှု ရှိ/ မရှိ ပြန်လည် စိစစ်ပေးနိုင်ပါရန် မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်ထံသို့ သဘောထားမှတ်ချက် တောင်းခံလာခြင်းအပေါ် မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်အနေဖြင့် စိစစ်၍ ပြင်ဆင်ချက်များကို လူမှုဝန်ထမ်း ဦးစီးဌာနသို့ ပြန်လည်ပေးပို့ခဲ့ ပါသည်။

၁၄။ စီးပွားရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှု အခွင့်အရေးများဆိုင်ရာ အပြည်ပြည်ဆိုင်ရာ သဘောတူ စာချုပ်[2] သို့ မြန်မာနိုင်ငံမှ အဖွဲ့ဝင် ဖြစ်လာခြင်းဖြင့် လူ့အခွင့်အရေး မြှင့်တင်ကာကွယ်ရေးအတွက် ခိုင်မာသော ရပ်တည်ချက်ရှိသည်ကို ဖော်ထုတ်ပြသရာ ရောက်သဖြင့် နိုင်ငံသိက္ခာကို များစွာ တက်စေမည် ဖြစ်ပါသည်။ အဆိုပါ စာချုပ်တွင် ပါရှိသည့် အခွင့်အရေးများစွာသည် မြန်မာနိုင်ငံ၏ ၂၀၀၈ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ထည့်သွင်း ပြဋ္ဌာန်းထားပြီး ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ယခုအချိန်ထိ ပါဝင်ခြင်း မရှိသေးသော အခြေအနေမှ စာချုပ်အဖွဲ့ဝင် ဖြစ်ခြင်းအတွက် အလျင်အမြန် ဆောင်ရွက်သင့်သောလုပ်ငန်း တစ်ရပ်အဖြစ် ထောက်ခံအကြံပြုချက်ကို ၂၉-၁-၂၀၁၄ ရက်နေ့တွင် နိုင်ငံတော် သမ္မတရုံးနှင့် နိုင်ငံခြားရေးဝန်ကြီးဌာနသို့ ပေးပို့တင်ပြခဲ့ပါသည်။

၁၅။ သေဒဏ်ပေးမှု ပြစ်ဒဏ်ပယ်ဖျက်ရေး[3] ကိစ္စနှင့်စပ်လျဉ်း၍ မြန်မာနိုင်ငံ၏ ရပ်တည်ချက်ကို နိုင်ငံခြားရေး ဝန်ကြီးဌာနမှ သဘောထားမှတ်ချက် တောင်းခံလာမှုအပေါ် မြန်မာနိုင်ငံအနေဖြင့် ပြင်းထန် ဆိုးရွားသည့် ရာဇဝတ်မှုကို ကျူးလွန်ပါက သေဒဏ်အပြစ်ပေးရန် တည်ဆဲဥပဒေအရ ပြဋ္ဌာန်းထားသော်လည်း ၁၉၈၈ ခုနှစ် နောက်ပိုင်းမှစ၍ သေဒဏ်ပေးမှုကို အကောင် အထည်ဖော် ဆောင်ခြင်း မရှိခဲ့ကြောင်းကို ၂၀၁၁ ခုနှစ်တွင် ကုလသမဂ္ဂသို့ တင်သွင်းခဲ့သည့် အစီရင် ခံစာတွင် ထည့်သွင်း အစီရင်ခံခဲ့ပါကြောင်း ဖော်ပြလျက် ၃-၃-၂၀၁၄ ရက်နေ့တွင် နိုင်ငံခြားရေးဝန်ကြီးဌာန သို့ ပေးပို့တင်ပြခဲ့ပါသည်။

၁၆။ **မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေးကော်မရှင်၏ လုပ်ထုံးလုပ်နည်းကို ပြည်ထောင်စု အစိုးရအဖွဲ့ရုံးမှ ပေးပို့ခြင်း**။ မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်၏ လုပ်ထုံးလုပ်နည်း (မူကြမ်း) တစ်ရပ်ကို ကော်မရှင်မှ ရေးဆွဲပြီး နိုင်ငံတော်သမ္မတရုံးနှင့် ပြည်ထောင်စုရှေ့နေချုပ်ရုံးတို့မှ သက်ဆိုင်ရာ ပုဂ္ဂိုလ်များနှင့် ညှိနှိုင်းဆောင်ရွက်ခဲ့ပါသည်။ မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင် ဖွဲ့စည်းခြင်းဆိုင်ရာ ပြည်ထောင်စုအစိုးရအဖွဲ့၏ အမိန့်အပိုဒ် (၉) ပါ လုပ်ပိုင်ခွင့်အရ မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်၏ လုပ်ထုံးလုပ်နည်းများကို ပြည်ထောင်စုအစိုးရ အဖွဲ့မှ ၁၀-၂-၂၀၁၂ ရက်စွဲပါအမိန့် ကြော်ငြာစာအမှတ် (၉/၂၀၁၂) ဖြင့် မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်သို့ ပေးပို့ခဲ့ပါသည်။

---

၁ *Convention on the Elimination of All forms of Discrimination Against Women CEDAW*

၂ *International Covenant on Economic, Social and Cultural Rights- ICESCR)*

၃ *Death Penalty*

၁၇။ **မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်ဥပဒေ မူကြမ်း ရေးဆွဲခြင်း။** မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင် ဥပဒေ မူကြမ်း ရေးဆွဲရေးနှင့်စပ်လျဉ်း၍ အောက်ပါအတိုင်း ဆောင်ရွက်ခဲ့ပါသည်-

(က) ၈-၃-၂၀၁၂ ရက်နေ့တွင် မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင် ဥပဒေ မူကြမ်း ရေးဆွဲရန် နိုင်ငံတော်သမ္မတ၏ လမ်းညွှန်မှုအရ ကော်မရှင်သည် ကော်မရှင် အဖွဲ့ဝင်များပါဝင်သော ဥပဒေမူကြမ်း ရေးဆွဲရေးအဖွဲ့ကို ပထမဦးစွာ ဖွဲ့စည်းပြီး မူကြမ်းပြုစုခဲ့ပါသည်။ Asia Pacific Forum (APF) မှ ကျွမ်းကျင်သူနှင့် ညှိနှိုင်း ဆွေးနွေးပြီး အကြံပြုချက်များရယူရန် မူကြမ်းအား ပြင်ဆင်ရေးဆွဲခဲ့ပါသည်။ ထို့နောက် Raoul Wallenberg Institute (RWI) မှ ပါရီအခြေခံမူ ရေးဆွဲရေးတွင် ပါဝင်ခဲ့သူ ပါမောက္ခ Brian Burdekin၊ ဘန်ကောက်မြို့ရှိ Office of the High Commissioner of Human Rights (OHCHR) ၏ အရှေ့တောင်အာရှ ဒေသ ဆိုင်ရာ ကိုယ်စားလှယ်ရုံးမှ Ms. Heike Alefson နှင့် အရပ်ဖက် အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ အစိုးရမဟုတ်သောအဖွဲ့အစည်းများကိုပါ ဖိတ်ခေါ်၍ ဆက်လက် ဆွေးနွေး တိုင်ပင်ခဲ့ပါသည်။

(ခ) အထက်ပါအတိုင်း ပြုစုခဲ့သည့် မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင် ဥပဒေ (ပထမ မူကြမ်း) ကို နိုင်ငံတော်သမ္မတရုံးသို့ ၃၀-၅-၂၀၁၂ ရက်နေ့တွင် ပေးပို့ တင်ပြခဲ့ပြီး၊ နိုင်ငံတော်သမ္မတ၏ ဥပဒေအကြံပေးအဖွဲ့နှင့် ပြည်ထောင်စု ရှေ့နေချုပ် ရုံးတို့မှ ဥပဒေ မူကြမ်းနှင့် စပ်လျဉ်းသည့် အကြံပြုချက်များကို ၁၃-၇-၂၀၁၂ ရက်နေ့ တွင် မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်သို့ ပြန်လည်ပေးပို့ ခဲ့ပါသည်။

(ဂ) ၁၅-၁၀-၂၀၁၂ ရက်နေ့တွင် ဥပဒေမူကြမ်းနှင့် စပ်လျဉ်း၍ နိုင်ငံတော်သမ္မတ၏ ဥပဒေ အကြံပေးအဖွဲ့၊ ပြည်ထောင်စုရှေ့နေချုပ်ရုံးမှ ကိုယ်စားလှယ်များနှင့် သုံးပွင့်ဆိုင် ညှိနှိုင်းဆွေးနွေးခဲ့ပါသည်။

(ဃ) မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်ဥပဒေ (ဒုတိယမူကြမ်း) ကို ၁၉-၉-၂၀၁၂ ရက်နေ့တွင် နိုင်ငံတော်သမ္မတရုံး၊ နိုင်ငံတော်သမ္မတ၏ ဥပဒေအကြံပေးအဖွဲ့ နှင့် ပြည်ထောင်စုရှေ့နေချုပ်ရုံးသို့ ပေးပို့တင်ပြခဲ့ပါသည်။

(င) အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် ၃၀-၁၀-၂၀၁၂ ရက်နေ့တွင် တွေ့ဆုံကာ မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင် ဥပဒေ (မူကြမ်း) နှင့်စပ်လျဉ်း၍ အကြံပြုချက်များ ရယူခဲ့ပါသည်။

(စ) မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင် ဥပဒေ (တတိယ မူကြမ်း) ကို နိုင်ငံတော်သမ္မတရုံး၊ နိုင်ငံတော်သမ္မတ၏ ဥပဒေအကြံပေးအဖွဲ့နှင့် ပြည်ထောင်စုအစိုးရ အဖွဲ့ရုံးများသို့ ၉-၁-၂၀၁၃ ရက်နေ့တွင် ပေးပို့တင်ပြခဲ့ပါသည်။

(ဆ) မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင် ဥပဒေ (တတိယ မူကြမ်း) ကို နိုင်ငံတကာ စံချိန်စံညွှန်းနှင့် ကိုက်ညီရန်အတွက် ကုလသမဂ္ဂ ဒေသဆိုင်ရာနှင့် ပညာရပ်ဆိုင်ရာ အဖွဲ့အစည်းများမှ ဥပဒေပညာရှင်များ၊ ပြည်ထောင်စု တရားလွှတ်တော်ချုပ်၊ ပြည်ထဲရေးဝန်ကြီးဌာန၊ ပြည်ထောင်စု ရှေ့နေချုပ်ရုံး၊ နိုင်ငံတော် သမ္မတ၏ ဥပဒေ အကြံပေးအဖွဲ့မှ ကိုယ်စားလှယ်များနှင့် ကော်မရှင် ကိုယ်စားလှယ်များ ပါဝင်သည့် ညှိနှိုင်းဆွေးနွေးပွဲကို ၁-၂-၂၀၁၃ ရက်နေ့နှင့် ၂-၂-၂၀၁၃ ရက်နေ့များတွင် ရန်ကုန်မြို့ရှိ မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်ရုံး၌ ပြုလုပ်ခဲ့ပါသည်။

(ဇ) မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင် ဥပဒေ (စတုတ္ထ မူကြမ်း) ကို နိုင်ငံတော် သမ္မတရုံးသို့ ၂၆-၄-၂၀၁၃ ရက်နေ့တွင် ပေးပို့ တင်ပြခဲ့ပါသည်။ ဥပဒေမူကြမ်းကို ၂၉-၅-၂၀၁၃ ရက်နေ့တွင် နိုင်ငံတော်သမ္မတသို့ ရှင်းလင်းတင်ပြပြီး လမ်းညွှန်ချက် ရယူခဲ့ပါသည်။ နိုင်ငံတော်သမ္မတ၏ လမ်းညွှန်ချက်နှင့်အညီ မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်ဥပဒေမူကြမ်းကို ပြင်ဆင်ဖြည့်စွက်မှု ပြုလုပ်ပြီး ၃၁-၅-၂၀၁၃ ရက်နေ့တွင် နိုင်ငံတော် သမ္မတထံသို့ ထပ်မံ တင်ပြခဲ့ပါသည်။

(ဈ) ၇-၇-၂၀၁၃ ရက်နေ့တွင် မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင် ဥပဒေ (မူကြမ်း) ကို အများပြည်သူ အကြံပြုချက်များ ပြုလုပ်နိုင်ရန်အတွက် အမျိုးသား လွှတ်တော်မှ နိုင်ငံပိုင် သတင်းစာများတွင် ထည့်သွင်း ကြေညာခဲ့ပါသည်။

(ည) မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင် ဥပဒေနှင့်စပ်လျဉ်း၍ အမျိုးသား လွှတ်တော်တွင်(၁) ကြိမ်၊ ပြည်သူ့လွှတ်တော်တွင် (၃) ကြိမ်နှင့် ပြည်ထောင်စု လွှတ်တော်တွင် (၂) ကြိမ် စုစုပေါင်း (၆) ကြိမ် ဖိတ်ကြားချက်အရ တက်ရောက် လေ့လာ၍ လိုအပ်သော အထောက်အကူများ ပေးနိုင်ခဲ့ပါသည်။

(ဋ) မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင် ဥပဒေကို ၂၈-၃-၂၀၁၄ ရက်နေ့တွင် ပြည်ထောင်စု လွှတ်တော် ဥပဒေအမှတ် (၂၁/၂၀၁၄) ဖြင့် ပြဋ္ဌာန်းခဲ့ပါသည်။

၁၈။ မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင် ဥပဒေ အင်္ဂလိပ်ဘာသာ ပြန်ဆိုချက်ကို နိုင်ငံတော် သမ္မတရုံးသို့ ၇-၄-၂၀၁၄ ရက်နေ့တွင် တင်ပြခဲ့ပါသည်။

၁၉။ မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင် ဥပဒေ (မြန်မာဘာသာနှင့်အင်္ဂလိပ်ဘာသာ) ကို အများပြည်သူ သိရှိနိုင်စေရန် နေ့စဉ်ထုတ်သတင်းစာများတွင် ထည့်သွင်းဖော်ပြရန်အတွက် နိုင်ငံတော်သမ္မတရုံးသို့ တင်ပြခဲ့ပြီး ကော်မရှင်ဥပဒေ မြန်မာဘာသာကို ၅-၄-၂၀၁၄ ရက်နေ့တွင်လည်းကောင်း၊ ကော်မရှင် ဥပဒေ အင်္ဂလိပ်ဘာသာကို ၂၁-၆-၂၀၁၄ ရက်နေ့တွင်လည်းကောင်း နေ့စဉ်ထုတ် သတင်းစာများတွင် ထည့်သွင်းဖော်ပြခဲ့ပါသည်။

၂၀။ မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင် နည်းဥပဒေများ (မူကြမ်း) ကို ၂၇-၆-၂၀၁၄ ရက်နေ့တွင် နိုင်ငံတော်သမ္မတရုံးသို့ ပေးပို့တင်ပြခဲ့ပါသည်။ ပြည်ထောင်စု ရှေ့နေချုပ်ရုံး၏

၂၅-၇-၂၀၁၄ ရက်စွဲပါ စာအမှတ်၊ ၁ (၂) ၈-၂ (၃၉၁) အရ မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင် နည်းဥပဒေအစား လုပ်ထုံးလုပ်နည်းရေးဆွဲရန် အကြံပြုချက်ကို လက်ခံရရှိပြီး ပြည်ထောင်စုရှေ့နေချုပ်ရုံး၏ အကြံပြုချက်နှင့်အညီ ဆောင်ရွက်နိုင်ရန်အလို့ငှာ သုံးသပ် ဆောင်ရွက် လျက်ရှိပါသည်။

## လူ့အခွင့်အရေးကာကွယ်စောင့်ရှောက်ရေးဌာန၏ ဆောင်ရွက်ချက်များ

### တာဝန်နှင့် လုပ်ပိုင်ခွင့်များ

၂၁။ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရအဖွဲ့၏ ၂၀၁၁ ခုနှစ်၊ စက်တင်ဘာလ ၅ ရက် နေ့စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၃၄/၂၀၁၁ အရ မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင် ကို ဖွဲ့စည်းပေးခဲ့ပြီး တာဝန်နှင့် လုပ်ပိုင်ခွင့်များကို သတ်မှတ်ပေးခဲ့ရာ လူ့အခွင့်အရေး ကာကွယ် စောင့်ရှောက်ရေးနှင့် ပတ်သက်၍ အောက်ပါတာဝန်နှင့် လုပ်ပိုင်ခွင့်များ သတ်မှတ်ပေးခဲ့ပါသည်-

(က) ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပါ နိုင်ငံသားများ၏ မူလအခွင့်အရေးကို ဖောက်ဖျက်ခံရကြောင်း တိုင်တန်းချက်အား လက်ခံခြင်း၊ စုံစမ်းစစ်ဆေးခြင်းနှင့် တွေ့ရှိချက်များကို ဆက်လက်အရေးယူဆောင်ရွက်နိုင်ရန် သက်ဆိုင်ရာ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းသို့ လွှဲပြောင်းပေးခြင်း၊

(ခ) နိုင်ငံသားများ၏ မူလအခွင့်အရေးကို ဖောက်ဖျက်ခံရကြောင်း သတင်းအချက် အလက်ရရှိပါက ယင်းချက်အလက်များ မှန်ကန်ခြင်း ရှိ / မရှိ စုံစမ်းစစ်ဆေးခြင်းနှင့် စစ်ဆေးတွေ့ရှိချက်များကို ဆက်လက် အရေးယူဆောင်ရွက်နိုင်ရန် သက်ဆိုင်ရာ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းသို့ လွှဲပြောင်းပေးခြင်း။

(ဂ) မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်သည် လုပ်ငန်းတာဝန်များကို ဆောင်ရွက်ရာ၌ သက်ဆိုင်သူများကို ခေါ်ယူစစ်ဆေးမေးမြန်းခြင်း၊ နိုင်ငံတော်၏ လိုအပ်ချက်အရ အထူး ကန့်သတ်ချက်မှအပ သက်ဆိုင်သည့် စာရွက်စာတမ်းများ အား တောင်းခေါ်ယူကြည့်ရှု စစ်ဆေးခြင်း။

၂၂။ တာဝန်နှင့် လုပ်ပိုင်ခွင့်များနှင့်အညီ ကော်မရှင်သည် တိုင်တန်းချက်ကို လက်ခံခြင်းနှင့် စုံစမ်း စစ်ဆေးခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများကို ရေးဆွဲခဲ့ပါ သည်။ တိုင်တန်းချက်များ စိစစ်ရေးအဖွဲ့ အစည်းအဝေးကို အနည်းဆုံး ကော်မရှင် အဖွဲ့ဝင် (၄) ဦးမှ အများဆုံး (၁၅) ဦးဖြင့် အစည်းအဝေး ပြုလုပ်ပါသည်။

### တိုင်တန်းချက်များကို ဆောင်ရွက်ပုံ

၂၃။ ကော်မရှင်၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များသည် လူ့အခွင့်အရေး တစ်ရပ်ရပ်အတွက်သာ ကန့်သတ် ဆောင်ရွက်ခြင်းမဟုတ်ဘဲ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပါနိုင်ငံသားများ၏ မူလအခွင့်အရေးများ ဖောက်ဖျက်ခံရမှုနှင့်စပ်လျဉ်းသည့် တိုင်တန်းချက်များကို ကိုင်တွယ်ဆောင်ရွက်ပါသည်။ ၂၀၁၁ ခုနှစ်၊ အောက်တိုဘာလ ၆ ရက်နေ့တွင် ကော်မရှင်သည်

တိုင်တန်းချက်များကို ကော်မရှင်သို့ တိုင်ကြားနိုင်ကြောင်း နိုင်ငံပိုင်သတင်းစာများမှ သတင်း ထုတ်ပြန်ခဲ့သည်။ ၎င်းသတင်းထုတ်ပြန်ချက်တွင် တိုင်တန်းရမည့် နည်းလမ်းများနှင့် ကော်မရှင် အနေဖြင့် ဆောင်ရွက်ပိုင်ခွင့်ရှိသည့် တိုင်တန်းချက်များကို ထည့်သွင်းဖော်ပြခဲ့သည်။ တိုင်တန်းချက် များကို လက်ခံရေးဆောင်ရွက်ရာတွင် ကော်မရှင်သို့ လွယ်ကူလျင်မြန်စွာ ပေးပို့နိုင်သည့် မှုများကို အခြေခံ၍ ဆောင်ရွက်သည်။

၂၄။ တိုင်တန်းချက်များပေးပို့ရာတွင် တိုက်ရိုက်ဖောက်ဖျက်ခံရသူ ကိုယ်တိုင်ဖြစ်စေ၊ ဖောက် ဖျက်မှုကို ခိုင်လုံစွာသိရှိသော ပုဂ္ဂိုလ်တစ်ဦးကဖြစ်စေ၊ လူကိုယ်တိုင် သို့မဟုတ် စာတိုက်မှ ပေးပို့ နိုင်သည်။ ပေးပို့ရရှိသော တိုင်တန်းချက်များကို လူ့အခွင့်အရေးကာကွယ် စောင့်ရှောက်ရေး ဌာန အနေဖြင့် စနစ်တကျ မှတ်ပုံတင်ပြီးနောက် တိုင်တန်းချက်များကို ကိုင်တွယ် ဆောင်ရွက်ရန် တာဝန် ပေးထားသည့် ကော်မရှင်အဖွဲ့ဝင်များ၏ တိုင်တန်းချက်များ စိစစ်ရေးအဖွဲ့ အစည်းအဝေးမှ စိစစ် သုံးသပ် ဆုံးဖြတ်ဆောင်ရွက်ခဲ့သည်။

၂၅။ တိုင်တန်းချက်တစ်ရပ်သည် တရားရုံးတစ်ရပ်ရပ်သို့ အမှုဖွင့် တိုင်တန်းထားပြီးသောအမှု များ၊ တရားရုံး တစ်ရပ်ရပ်က စစ်ဆေးဆဲအမှုများနှင့် တရားရုံးတစ်ရပ်ရပ်က ဆုံးဖြတ်ချက်ချမှတ် ထားပြီးသော အမှုများကို ကော်မရှင်အနေဖြင့် စဉ်းစားဆောင်ရွက်ခြင်း မပြုပါ။ သို့ရာတွင် အခြေခံ အခွင့်အရေးများနှင့် လူ့အခွင့်အရေး ဖောက်ဖျက်မှုနှင့် ပတ်သက်သည့် တိုင်တန်းချက်များကိုမူ ကော်မရှင်အနေဖြင့် ကိုင်တွယ်ဆောင်ရွက်ခဲ့ပါသည်။

၂၆။ ကော်မရှင်က စဉ်းစားဆောင်ရွက်ပြီးသော တိုင်တန်းချက်များကို အရေးယူဆောင်ရွက်ရာ တွင် အောက်ပါအတိုင်း အဆင့်ခွဲခြားသတ်မှတ်ထားပါသည်-

(က) ပြည်ထောင်စု အစိုးရအဖွဲ့ရုံးမှတစ်ဆင့် ပြည်ထောင်စု ဝန်ကြီးဌာန၊ သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့ရုံးတို့သို့ လိုအပ်သလို အရေးယူ ဆောင်ရွက်ရန် ဆက်လက်ပေးပို့ ရမည့်အမှု၊

(ခ) လူပုဂ္ဂိုလ်များသို့ ပေးပို့ အကြောင်းကြားရမည့်အမှု၊

(ဂ) တိုင်တန်းသူ သို့မဟုတ် ကာယကံရှင်ထံသို့ အကြံပြုချက်ဖြင့် ပြန်လည်ပေးပို့ ရမည့် အမှု၊

(ဃ) အထက်ဌာနကြီးများနှင့် အကြီးအကဲများသို့ လိပ်မူတိုင်ကြားပြီး ကော်မရှင်သို့ မိတ္တူ ပေးပို့သော လတ်တလော လူ့အခွင့်အရေးအရ အလျင်အမြန် ဆောင်ရွက်ရန် မလို သဖြင့် လေ့လာစောင့်ကြည့်ရန်အတွက် ဆိုင်းငံ့ထား ရမည့်အမှု၊

(င) အခြားဌာနများအား တိုင်ကြားပြီး ကော်မရှင်အား မိတ္တူပေးပို့ထားခြင်းကြောင့် ဆိုင်းငံ့ ထားရမည့်အမှု၊

(စ) တိုင်တန်းချက် အင်္ဂါရပ်နှင့်မညီဘဲ ပစ်စာသာ ဖြစ်နေ၍လည်းကောင်း၊ ကော်မရှင်၏ လုပ်ပိုင်ခွင့်အတွင်း ကျရောက်မှုမရှိ၍ လည်းကောင်း၊ တိုင်ကြားရမည့် သတ်မှတ်ချက်များနှင့် ပြည့်စုံမှု မရှိခြင်းကြောင့်လည်းကောင်း မှတ်တမ်းတင်သည့်အမှု၊

(ဆ) လိုအပ်သော အထောက်အထားများ ပြန်လည်တောင်းခံရသည့်အမှု။

၂၇။ **၂၀၁၁ ခုနှစ် ဆောင်ရွက်မှု အခြေအနေ။** ၁၀-၉-၂၀၁၁ ရက်နေ့မှ ၃၁-၁၂-၂၀၁၁ ရက်နေ့ထိ မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်၊ လူ့အခွင့်အရေး ကာကွယ်စောင့်ရှောက်ရေးဌာနသည် တိုင်ကြားလာသည့်အမှုများကို တိုင်တန်းချက်များ စိစစ်ရေးအဖွဲ့ အစည်းအဝေး ၄၄ ကြိမ် ပြုလုပ် စိစစ်ခဲ့ပါသည်။ တိုင်တန်းချက် ဆောင်ရွက်မှု အခြေအနေများမှာ -

(က) တိုင်တန်းချက် လက်ခံရရှိမှုပေါင်း------------------------ ၁၀၃၇ မှု၊

(ခ) စိစစ်ပြီးသော တိုင်တန်းချက်ပေါင်းမှာ ၃၁-၁၂-၂၀၁၁ ရက်နေ့အထိ ၆၅၅ မှု ဖြစ်ပြီး အောက်ပါအတိုင်းဖြစ်ပါသည်-

(၁) ပြည်ထောင်စုအစိုးရအဖွဲ့ရုံး၊ သက်ဆိုင်ရာ တိုင်းဒေသကြီး/ ပြည်နယ်အစိုးရအဖွဲ့ရုံးတို့သို့ ညှိနှိုင်းမေးမြန်းခြင်း-------- ၇၁ မှု၊

(၂) လူပုဂ္ဂိုလ်များသို့ ပေးပို့အကြောင်းကြားမှုပေါင်းမှာ --------- ၃၃၄ မှု၊

(၃) မှတ်တမ်းတင်သည့်အမှုပေါင်း------------------ ၂၅၀ မှု၊

(ဂ) လက်ကျန်အမှုပေါင်း ------------------------------------ ၃၈၂ မှု တို့ဖြစ်ပါသည်။

၂၈။ **၂၀၁၂ ခုနှစ် ဆောင်ရွက်မှု အခြေအနေ။** လူ့အခွင့်အရေး ကာကွယ်စောင့်ရှောက်ရေးဌာနမှ ၂၀၁၁ ခုနှစ် လက်ကျန်အမှုများမှာ ၃၈၂ မှု နှင့် ၁-၁-၂၀၁၂ ရက်နေ့မှ ၃၁-၁၂-၂၀၁၂ ရက်နေ့အထိ တိုင်တန်းချက် လက်ခံရရှိမှုပေါင်းမှာ ၂၈၆၆ မှု တို့ဖြစ်ပြီး အမှု စုစုပေါင်းမှာ ၃၂၄၈ မှုဖြစ်ပါသည်။ တိုင်တန်းချက်များကို ၁-၁-၂၀၁၂ ရက်နေ့မှ ၃-၁-၂၀၁၃ ရက်နေ့အထိ တိုင်တန်းချက်များ စိစစ်ရေးအဖွဲ့ အစည်းအဝေး ၁၈၄ ကြိမ် ကျင်းပ၍ စိစစ်ခဲ့ပါသည်။ အမှုများ ဆောင်ရွက်မှု အခြေအနေမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

(က) တိုင်တန်းချက် စုစုပေါင်း ------------------------ ၃၂၄၈ မှု၊

(ခ) ပြည်ထောင်စုအစိုးရအဖွဲ့ရုံးသို့ ညှိနှိုင်းမေးမြန်းတင်ပြမှု --------၉၃၂ မှု၊

(ဂ) လူပုဂ္ဂိုလ်များသို့ ပေးပို့ အကြောင်းကြားမှုပေါင်းမှာ -----------၁၈၂ မှု၊

(ဃ) မှတ်တမ်းတင်သည့် အမှုပေါင်း -------------------------- ၂၁၃၄ မှု၊

(င) လက်ကျန်အမှု ------------------------------------ မရှိပါ။

၂၉။ **၂၀၁၃ ခုနှစ် ဆောင်ရွက်မှု အခြေအနေ။** လူ့အခွင့်အရေး ကာကွယ်စောင့်ရှောက်ရေးဌာန၏ ၁-၁-၂၀၁၃ ရက်နေ့မှ ၃၁-၁၂-၂၀၁၃ ရက်နေ့အထိ တိုင်တန်းချက်များ လက်ခံရရှိမှုမှာ ၁၉၉၀ မှု ဖြစ်ပါသည်။ တိုင်တန်းချက်များကို ၁-၁-၂၀၁၃ ရက်နေ့မှ ၃၁-၁၂-၂၀၁၃ ရက်နေ့အထိ တိုင်တန်းချက်များ စိစစ်ရေးအဖွဲ့ အစည်းအဝေး ၁၄၉ ကြိမ် ကျင်းပခဲ့ပါသည်။ အမှုများ ဆောင်ရွက်ထားရှိမှု အခြေအနေမှာ-

(က) လက်ခံရရှိသော တိုင်တန်းချက်စုစုပေါင်း --------------- ၁၉၉၀ မှု၊
(ခ) ပြည်ထောင်စုအစိုးရအဖွဲ့ရုံးသို့ ညှိနှိုင်းမေးမြန်းတင်ပြမှု ----- ၅၀၁ မှု၊
(ဂ) လူပုဂ္ဂိုလ်များသို့ ပေးပို့ အကြောင်းကြားမှုပေါင်း ---------- ၂၆၇ မှု၊
(ဃ) မှတ်တမ်းတင်သည့် အမှုပေါင်း ---------------------- ၇၉၀ မှု၊
(င) လက်ကျန်အမှု ------------------------------- ၄၃၂ မှု။

၃၀။ **၂၀၁၄ ခုနှစ်ဆောင်ရွက်ထားရှိမှုအခြေအနေ။** လူ့အခွင့်အရေး ကာကွယ်စောင့်ရှောက်ရေးဌာနမှ ၂၀၁၃ ခုနှစ် လက်ကျန်အမှုများမှာ ၄၃၂ မှုနှင့် ၁-၁-၂၀၁၄ ရက်နေ့မှ ၂၄-၉-၂၀၁၄ ရက်နေ့အထိ တိုင်တန်းချက်များ လက်ခံရရှိမှုပေါင်းမှာ (၁၇၄၇) မှု ဖြစ်ပါသည်။ တိုင်တန်းချက်များကို ၁-၁-၂၀၁၄ ရက် နေ့မှ ၂၄-၉-၂၀၁၄ ရက်နေ့အထိ တိုင်တန်းချက်များ စိစစ်ရေး အဖွဲ့အစည်းအဝေး (၁၄၀) ကြိမ် ကျင်းပခဲ့ပါသည်။ အမှုအခြေအနေမှာ-

(က) တိုင်တန်းချက်လက်ခံရရှိမှုပေါင်း --------------- ၁၇၄၇ မှု၊
(ခ) ပြည်ထောင်စုအစိုးရအဖွဲ့ရုံး၊ သက်ဆိုင်ရာတိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့တို့သို့ ညှိနှိုင်းမေးမြန်းတင်ပြမှု ------- ၅၄၄ မှု၊
(ဂ) လူပုဂ္ဂိုလ်များသို့ ပေးပို့အကြောင်းကြားမှု ---------- ၁၄၉ မှု၊
(ဃ) မှတ်တမ်းတင်သည့် အမှုပေါင်း ----------------- ၈၆၆ မှု၊
(င) လက်ကျန်အမှု ---------------------------- ၁၈၈ မှု။

၃၁။ **၃၀-၉-၂၀၁၁ ရက်နေ့မှ ၂၄-၉-၂၀၁၄ ရက်နေ့အထိ တိုင်တန်းချက်များ ဆောင်ရွက်ထားရှိမှုအခြေအနေ။** လူ့အခွင့်အရေး ကာကွယ်စောင့်ရှောက်ရေး ဌာန၏ ၃၀-၉-၂၀၁၁ ရက်နေ့မှ ၂၄-၉-၂၀၁၄ ရက်နေ့အထိ တိုင်တန်းချက်များ လက်ခံရရှိမှုမှာ (၇၂၀၈) မှု ဖြစ်ပါသည်။ တိုင်တန်းချက်များကို စိစစ်ရန်အတွက် ၃၀-၉-၂၀၁၁ ရက်နေ့မှ ၂၄-၉-၂၀၁၄ ရက်နေ့အထိ တိုင်တန်းချက်များ စိစစ်ရေးအဖွဲ့ အစည်းအဝေး (၅၁၇) ကြိမ် ကျင်းပခဲ့ပါသည်။ ဆောင်ရွက်မှု အခြေအနေမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) ပြည်ထောင်စုအစိုးရအဖွဲ့ရုံး၊ သက်ဆိုင်ရာတိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့တို့သို့ ညှိနှိုင်းမေးမြန်းတင်ပြမှု ------- ၂၀၄၈ မှု၊

(ခ) လူပုဂ္ဂိုလ်များသို့ ပေးပို့အကြောင်းကြားမှု ---------------- ၉၃၂ မှု၊
(ဂ) မှတ်တမ်းတင်သည့် အမှုပေါင်း ----------------- ၄၀၄၀ မှု၊
(ဃ) လက်ကျန်အမှု --------------------------------- ၁၈၈ မှု။

**လက်ခံရရှိသော အမှုအမျိုးအစားများအခြေအနေ တင်ပြချက်**

၃၂။ လက်ခံရရှိသောအမှုအမျိုးအစားများမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) **မြေယာနှင့် ပတ်သက်သောအမှုများ**

(၁) လယ်ယာမြေပိုင်ဆိုင်မှု၊ စားကျက်မြေ ပိုင်ဆိုင်မှု၊ ဥယျာဉ်ခြံမြေ ပိုင်ဆိုင်မှု၊ မြေလွတ်မြေရိုင်း ပိုင်ဆိုင်မှု၊ သဲသောင်မြေ ပိုင်ဆိုင်မှု၊ ဘိုးဘွားမြေ ပိုင်ဆိုင်မှုများနှင့် ပတ်သက်သည့် တိုင်ကြားမှု၊

(၂) မိရိုးဖလာ လက်ငုပ်လက် ရင်းအသိအမှတ်ပြုမြေများ၊ အချို့လယ်ယာမြေများအား ကုမ္ပဏီများမှလည်းကောင်း၊ တပ်မှလည်းကောင်း သိမ်းယူမှု၊

(၃) မြို့နယ်အဆင့်တာဝန်ခံများ၏ တရားနည်းလမ်းမကျသော လုပ် ဆောင်မှုများကြောင့် မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန၊ မြို့နယ်စည်ပင်သာယာရေး၊ မြို့နယ်မြေစာရင်း၊ မြို့နယ်ရဲစခန်းများ စသည့် မြို့နယ်အဆင့်များကို တိုင်ကြားမှု၊

(ခ) **အလုပ်သမား အခွင့်အရေး ချိုးဖောက်ခံရခြင်းနှင့်ပတ်သက်သည့်အမှုများ**

(၁) အလုပ်သမားများအလုပ်ခွင်တွင် ထိခိုက်မှုကြောင့် ကိုယ်လက်အင်္ဂါ ဆုံးရှုံးမှုကြောင့် လျော်ကြေးရလိုမှု၊

(၂) အကြောင်းအမျိုးမျိုးကြောင့် ရှေ့နေလိုင်စင် ပိတ်သိမ်းခံရ၍ လိုင်စင်ပြန်လည်ရလိုကြောင်း ရှေ့နေများ၏ တင်ပြတိုင်ကြားမှု၊

(၃) သင်္ဘောသား အလုပ်သမားများ ရပိုင်ခွင့်တိုင်ကြားမှု၊

(၄) အဓမ္မဖမ်းဆီးခေါ်ဆောင်၍ လုပ်အားပေးခိုင်းစေမှု၊

(၅) ကလေးစစ်သား၊ လူကုန်ကူးမှုနှင့် အဓမ္မ ကင်းစောင့်ခိုင်းမှု တိုင်ကြားမှု၊

(၆) ပုဂ္ဂလိက လုပ်ငန်းဌာနများအတွင်း အလုပ်ထုတ်ခြင်း၊ အလုပ်ဖြုတ်ခြင်း လုပ်ခကျန်ငွေကိစ္စ၊ အချိန်ပို ခိုင်းစေခြင်းကိစ္စ၊

(၇) အလုပ် ပြန်ရလိုကြောင်း၊ ပင်စင်ရလိုကြောင်း ပန်ကြားမှု၊

(၈) ဌာနဆိုင်ရာများမှ PE, DE စစ်ဆေးခြင်းမရှိဘဲ အလုပ်မှ ဖြုတ်ပစ်မှုများ၊ PE, DE စစ်ဆေးမှုအား ကျေနပ်မှုမရှိကြောင်း တိုင်ကြားမှု၊

(၉) အခြား အလုပ်သမား အခွင့်အရေး ချိုးဖောက်ခံရမှုများ၊

(ဂ) **ပိုင်ဆိုင်မှုနှင့်ပတ်သက်သည့် အမှုများ**

(၁) သမဝါယမပိုင် အဆောက်အဦတွင် ငှားရမ်းထားသော ဆိုင်ခန်းရှင်များ၏ တိုင်ကြားမှု၊ စည်ပင်သာယာရေးပိုင် အဆောက်အဦတွင် ငှားရမ်းထားသော ဆိုင်ခန်းရှင်များ၏ တိုင်ကြားမှု၊

(၂) အထွေထွေ အုပ်ချုပ်ရေး အဆောက်အဦ၊ အစိုးရပိုင် အဆောက်အဦတွင် ငှားရမ်းထားသော ဆိုင်ခန်းရှင်များ၏တိုင်ကြားမှု၊ ဗုဒ္ဓဘာသာစေတီ ပုရဝုဏ်၊ ဟိန္ဒူဘုရားကျောင်း စသည့် အဆောက်အဦတွင် ငှားရမ်းထားသော ဆိုင်ခန်း ရှင်များ၏ တိုင်ကြားမှု၊

(၃) အိမ်ရှင်အိမ်ငှား ကိစ္စရပ်များတွင် တရားမျှတစွာ ဖြေရှင်းပေးရေး တိုင်ကြားမှု၊

(၄) မြေနေရာကို ပြည်သူပိုင်၊ ပုဂ္ဂလိကပိုင် စသည်ဖြင့် သိမ်းယူမှု၊

(ဃ) **အမျိုးသမီးများနှင့်ဆိုင်သောအမှုများ**

(၁) အမျိုးသမီးများအပေါ် နိုင့်ထက်စီးနင်းပြုမှုများ၊ အကြမ်းဖက်ခံရခြင်းများနှင့် ဆိုင်သည့် တိုင်ကြားမှု၊

(၂) လူ့အခွင့်အရေးနှင့် မသက်ဆိုင်သော အိမ်ထောင်ရေးပြစ်မှု၊

(၃) လက်ထပ်ထားပြီး လက်ထပ်ထားမှု အတည်ပြု၍ မရသဖြင့် တိုင်ကြားမှု၊

(၄) လက်ထပ်ပြီးနောက် ညှဉ်းပန်းနှိပ်စက်ခံရမှု၊

(ခ) **အခြားအမှုများ**

(၁) မော်တော်ဆိုင်ကယ်နှင့် မော်တော်ယာဉ်တိုက်မှုများ ဖြစ်ပွားပြီး ကိုယ်လက် အင်္ဂါချို့ယွင်းပြီး ဆေးကုသမှုခံယူရသဖြင့် ထိုက်သင့်သော ထိခိုက်မှု နစ်နာ ကြေး မရရှိကြသည့်အမှု၊

(၂) ပညာရေးလောကတွင် ဆရာနှင့် တပည့် ဆက်ဆံရေးနှင့် ပတ်သက်သည့် တိုင်တန်းမှု၊

(၃) ယုံကြည်ချက်ကြောင့် အကျဉ်းကျခံနေရသည့် အကျဉ်းသားများ လွှတ်ပေးရန် ပန်ကြားမှု၊

(၄) အင်းလေလံဆွဲမှုများ၊ အင်းကို မှီခို၍ ဝမ်းစာရှာဖွေ စားသောက်သူများနှင့် ဖြစ်ပွားသော ပြဿနာများဆိုင်ရာ တိုင်တန်းမှု၊

(၅) တရားရေး အမှုများတွင် တရားသူကြီးများ၊ ဥပဒေအရာရှိများ၊ ရှေ့နေများ၏ တရားရေးလမ်းကြောင်းမှ သွေဖီ၍ ဆုံးဖြတ်ပါသည်ဟု တိုင်တန်းမှု၊

(၆) စိုက်ဘဏ်မှ စိုက်ပျိုးစရိတ် ချေးငွေကိစ္စတိုင်တန်းမှု၊

(၇) အခြားသော တောင်းဆိုမှုများ၊

(၈) ကျေးရွာတင်ကြောင်း စာများတို့ ဖြစ်ပါသည်။

**အကြောင်းပြန်ကြားစာရရှိမှုများ**

၃၃။ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးနှင့် သက်ဆိုင်ရာ ဝန်ကြီးဌာနများမှ ကော်မရှင်သို့ ပြန်ကြားလာသော ပြန်ကြားချက်မှာ အောက်ပါအတိုင်းဖြစ်ပါသည်-

| | | |
|---|---|---|
| (က) | ၂၀၁၁ ခုနှစ် ပြန်ကြားစာ | ၂၁ မှု၊ |
| (ခ) | ၂၀၁၂ ခုနှစ် ပြန်ကြားစာ | ၁၇၈ မှု၊ |
| (ဂ) | ၂၀၁၃ ခုနှစ် ပြန်ကြားစာ | ၃၁၉ မှု၊ |
| (ဃ) | ၁-၁-၂၀၁၄ ရက်နေ့မှ ၂၄-၉-၂၀၁၄ ရက်နေ့ထိ ပြန်ကြားစာ | ၁၂၅ မှု၊ |
| | အကြောင်းပြန်ကြားသည့် အမှုစုစုပေါင်းမှာ | ၆၄၃ မှု ဖြစ်ပါသည်။ |

၃၄။ ၂၀၁၂ ခုနှစ်တွင် တိုင်တန်းသူမှ ပြန်လည်ရုပ်သိမ်းသော တိုင်တန်းချက် ၇ စောင် ရှိခဲ့ပါသည်။

**မှတ်တမ်းတင်ထားရှိသည့် တိုင်တန်းချက် အမျိုးအစားများ**

၃၅။ မှတ်တမ်းတင်ထားရှိသည့် တိုင်တန်းချက် အမျိုးအစားများမှာ -

(က) ကျိုးကြောင်း ခိုင်လုံမှုမရှိသော တိုင်တန်းချက်များ၊

(ခ) လက်မှတ်ရေးထိုးထားခြင်းမရှိသော၊ မှတ်ပုံတင်မပါသော၊ အမည်တပ်မထားသော၊ နေရပ်လိပ်စာမပါသော တိုင်တန်းချက်များ၊

(ဂ) ကာလသတ်မှတ်ချက် ကျော်လွန်နေသော တိုင်တန်းချက်များ၊

(ဃ) တိုင်တန်းချက် မဟုတ်ဘဲ ကော်မရှင်၏ လုပ်ဆောင်ချက်အပေါ် ထောက်ခံအားပေးသော စာများ၊

**ကွင်းဆင်းစစ်ဆေးမှုအခြေအနေ**

၃၆။ **၂၀၁၁ ခုနှစ်အတွင်း (၁) ကြိမ်။** ၂၀၁၁ ခုနှစ်တွင် မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင် အတွင်းရေးမှူး ဦးစစ်မြိုင်နှင့် အဖွဲ့ဝင်များဖြစ်ကြသော ဦးလဖိုင်ဇော်ဂွန်း၊ ဦးခွထီးယိုးနှင့် ဒေါက်တာဉာဏ်ဇော် တို့သည် ၈-၁၂-၂၀၁၁ ရက်နေ့တွင် ကချင်ပြည်နယ်ရှိ လက်နက်ကိုင် ပဋိပက္ခကြောင့် ရပ်ရွာစွန့်ခွာ တိမ်းရှောင်လာသော ပြည်သူများအား ကချင်ပြည်နယ်အစိုးရ၏ ကြီးကြပ်ကွပ်ကဲမှုအောက်တွင် လူမှုရေးထောက်ပံ့ကူညီပေးထားသော စခန်းများနှင့်နယ်မြေ အခြေအနေ၊ အကူအညီပေးရန် လိုအပ်မှုအခြေအနေတို့အား စုံစမ်းသိရှိနိုင်ရန်အတွက် မြစ်ကြီးနားသို့ သွားရောက်ခဲ့ပါသည်။

၃၇။ **၂၀၁၂ ခုနှစ်အတွင်း (၉) ကြိမ်**

(က) ၅-၁၀-၂၀၁၂ ရက်နေ့တွင် ကော်မရှင်ရုံးမှ ဦးစောနိုင် (ဒုတိယညွှန်ကြားရေးမှူး) နှင့် ဦးရဲမင်းမြတ် (ဦးစီးအရာရှိ) တို့သည် တွံတေးမြို့နယ်၊ ကန်ဘဲ့ကျေးရွာသို့ ဦးဇော်ဝင်း၏ တိုင်တန်းချက်အရ အဓမ္မခိုင်းစေမှု ရှိ/မရှိ၊ လုပ်အားခအပြည့်အဝရရှိခြင်း ရှိ/မရှိ၊ လူကုန်ကူးမှုဖြစ်ပွားခဲ့ခြင်း ရှိ/မရှိ အခြေအနေမှန်ကို သိရှိနိုင်ရန်အတွက် သွားရောက်စုံစမ်းစစ်ဆေးခဲ့ကြပါသည်။

(ခ) ၂၄-၁၀-၂၀၁၂ ရက်နေ့တွင် ကော်မရှင်ရုံးမှ ဦးဇော်လွင်ထူး (လူ့အခွင့်အရေးအရာရှိ) နှင့် ဦးကျော်စိုးဦး (ဒုတိယဦးစီးမှူး) တို့သည် သဃ်န်းကျွန်းမြို့နယ်ရှိ သွားဘက်ဆိုင်ရာ ဆေးတက္ကသိုလ်နှင့် မြို့နယ် ရဲတပ်ဖွဲ့မှူးရုံးတို့သို့ သွားရောက်၍ သွားဘက်ဆိုင်ရာ ဆေးတက္ကသိုလ်၊ တတိယနှစ် ကျောင်းသား မောင်ဇင်ဝေဖြိုး ကားတိုက်ခံရပြီး သေဆုံးမှုအတွက် အမှုဖြစ်စဉ်မှန်နှင့် အရေးယူဆောင်ရွက်ထားရှိမှု အခြေအနေမှန်တို့ကို သိရှိနိုင်ရန်အတွက် သွားရောက် စုံစမ်းစစ်ဆေးခဲ့ကြပါသည်။

(ဂ) ၁၄-၁၁-၂၀၁၂ ရက်နေ့တွင် ကော်မရှင်ရုံးမှ ဦးဇော်လွင်ထူး (လူ့အခွင့်အရေးအရာရှိ) နှင့် ဦးကျော်စိုးဦး (ဒုတိယဦးစီးမှူး) တို့သည် ကော့မှူးမြို့နယ်သို့ သွားရောက်၍ ဦးကျော်ဌေး၏ တိုင် တန်းချက်အရ စိုက်ပျိုးထားသည့် စပါးတင်း ၂၅၀ ရလိုမှုနှင့် ပတ်သက်၍ အခြေအနေမှန်ကို သိရှိနိုင်ရန်အတွက်လည်းကောင်း လူ့အခွင့်အရေး ကော်မရှင်ရုံး အရာထမ်းများမှ ကွင်းဆင်းစစ်ဆေးမှု များ ပြုလုပ်ခဲ့ပါသည်။

(ဃ) ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ် (အရှေ့ပိုင်း) မြို့နယ်တွင် ဝန်ထမ်းများအား တရားဝင် ချထားပေးသော မြေကွက်များသည် ခေတ်မီစက်မှုလယ်ယာ၊ စံပြလယ်ယာ စိုက်ပျိုးရေးဇုံအဖြစ် စီမံကိန်းဧရိယာအတွင်းပါဝင်၍ မြေကွက်ချထားပေးမှုများအား ပယ်ဖျက်သဖြင့် ဝန်ထမ်းများနစ်နာကြောင်းတင်ပြချက်အရ နိုင်ငံတော်သမ္မတ အနေဖြင့် ပြန်လည်သုံးသပ် စဉ်းစားပေးနိုင်ရေးအတွက် ကော်မရှင် အတွင်းရေးမှူး ဦးစစ်မြိုင်၊ အဖွဲ့ဝင် ဦးခွထီးယိုး၊ အဖွဲ့ဝင် ဒေါ်စန်းစန်းတို့ ပါဝင်သောအဖွဲ့မှ ၃၀-၃-၂၀၁၂ ရက်နေ့တွင် ကွင်းဆင်းစစ်ဆေးခဲ့ပါသည်။

(င) ၂၇-၆-၂၀၁၂ ရက်နေ့မှ ၁-၇-၂၀၁၂ ရက်နေ့ထိ ကော်မရှင် အတွင်းရေးမှူး ဦးစစ်မြိုင်၊ အဖွဲ့ဝင် ဒေါက်တာဉာဏ်ဇော်၊ အဖွဲ့ဝင် ဦးခွထီးယိုးတို့ ပါဝင်သော အဖွဲ့မှ ရခိုင်ပြည်နယ်၊ စစ်တွေ၊ မောင်တော၊ ဘူးသီးတောင်နှင့် ရသေ့တောင် မြို့နယ်များသို့ ကွင်းဆင်း၍ လူ့အခွင့်အရေး ကာကွယ်မြှင့်တင် စောင့်ရှောက်ရေး လုပ်ငန်းများ ဆောင်ရွက်ရန် သွားရောက်ခဲ့ကြပါသည်။

(စ) ၂၂-၇-၂၀၁၂ ရက်နေ့တွင် ကော်မရှင် အတွင်းရေးမှူး ဦးစစ်မြိုင်၊ အဖွဲ့ဝင် ဦးလဖိုင်ဇော်ဂွန်းနှင့် အဖွဲ့ဝင် ဦးခင်မောင်လေးတို့ ပါဝင်သော အဖွဲ့မှ ကချင်ပြည်နယ်၊ မြစ်ကြီးနားမြို့နှင့် ဝိုင်းမော်မြို့များရှိ ကယ်ဆယ်စောင့်ရှောက်ရေး စခန်းများသို့ သွားရောက်၍ တွေ့ဆုံမေးမြန်းခြင်း၊ ဝိုင်းမော်နှင့် တာလောကြီးနယ်မြေမှ ကော်မရှင်သို့ ပေးပို့ထားသော တိုင်တန်းချက်များအား စုံစမ်းစစ်ဆေးခြင်းတို့ကို ပြုလုပ်ခဲ့ပါသည်။

(ဆ) ကော်မရှင်၏ တိုင်တန်းချက်များ စိစစ်ရေးအဖွဲ့ အစည်းအဝေးဆုံးဖြတ်ချက်အရ စစ်ကိုင်းတိုင်းဒေသကြီး၊ ဆားလင်းကြီးမြို့နယ်အတွင်းရှိ ကြေးနီတောင်၊ လက်ပံတောင်းတောင်ဒေသတွင် ကြေးနီသတ္တု တူးဖော်လုပ်ကိုင်နေသော မြန်မာ့စီးပွားရေး

ဦးပိုင်လီမိတက်နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဝမ်ပေါင်ကုမ္ပဏီတို့အပေါ် ၎င်း နယ်မြေရှိ ကျေးရွာ ၁၁ ရွာမှ ရွာသား ၅၇၁ ဦး လက်မှတ်ရေးထိုး၍ ၈-၆-၂၀၁၂ ရက် နေ့စွဲဖြင့် ၎င်းတို့၏ နစ်နာမှုများအား တိုင်ကြားမှုအပေါ် ကော်မရှင် အတွင်းရေးမှူး ဦးစစ်မြိုင်၊ အဖွဲ့ဝင် ဦးခွထီးယိုး၊ အဖွဲ့ဝင် ဦးလဖိုင်ဇော်ဂွန်း၊ အဖွဲ့ဝင် ဒေါ်စန်းစန်း တို့ပါဝင်သော စုံစမ်းစစ်ဆေးရေး အဖွဲ့သည် ရုံးအဖွဲ့ ၂ ဦးတို့နှင့်အတူ ၈-၁၁-၂၀၁၂ ရက်နေ့တွင် သွားရောက် စုံစမ်း စစ်ဆေးခဲ့ကြပါသည်။

(ဇ) ၁၄-၁၂-၂၀၁၂ ရက်နေ့တွင် ကော်မရှင်အတွင်းရေးမှူး ဦးစစ်မြိုင်၊ အဖွဲ့ဝင် ဦးလဖိုင်ဇော်ဂွန်း၊ အဖွဲ့ဝင် ဒေါ်စန်းစန်းတို့ ပါဝင်သောအဖွဲ့မှ ရုံးအဖွဲ့ ၁ ဦးတို့နှင့်အတူ ချင်းလူမျိုးများနှင့် အခြားလူ နည်းစုတိုင်းရင်းသားများ လူ့အခွင့်အရေး ချိုးဖောက် ခံရသည့် စွပ်စွဲချက်များနှင့် ပတ်သက်၍ နိုင်ငံခြားရေးဝန်ကြီးဌာန၏ ညှိနှိုင်း မေတ္တာ ရပ်ခံချက်အရ ချင်းပြည်နယ်ရှိ ဟားခါးမြို့၊ ဖလမ်းမြို့၊ တီးတိန်မြို့၊ လုံဆမ်းရွာ တို့သို့လည်းကောင်း၊ စစ်ကိုင်းတိုင်းဒေသကြီးရှိ ကလေးမြို့သို့လည်းကောင်း၊ ဌာန ဆိုင်ရာများ၊ အဖွဲ့အစည်းများ၊ ဘာသာရေး ခေါင်းဆောင်များ၊ ကျေးရွာလူထုများနှင့် တွေ့ဆုံ ကွင်းဆင်း စစ်ဆေးမှုများ ပြုလုပ်ခဲ့ပါသည်။

(ဈ) ၁၄-၁၂-၂၀၁၂ ရက်နေ့တွင် ကော်မရှင်အဖွဲ့ဝင် ဦးခွထီးယိုး၊ ဒေါက်တာဉာဏ်ဇော် နှင့် ကော်မရှင်ရုံးမှ ဝန်ထမ်း ၁ ဦးတို့ လိုက်ပါလျက် ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ် (အရှေ့ပိုင်း) မှ ဖမ်းဆီးထိန်းသိမ်းခံထားချိန်တွင် သေဆုံးခဲ့သော ဦးမျိုးမြင့်ဆွေ အမှု နှင့် ပတ်သက်၍ ကွင်းဆင်းစစ်ဆေးခဲ့ပါသည်။

## ၃၈။ ၂၀၁၃ ခုနှစ်အတွင်း (၂) ကြိမ်

(က) ၁-၃-၂၀၁၃ ရက်နေ့တွင် ကော်မရှင် အဖွဲ့ဝင် ဦးလှမြင့်၊ ဦးခွထီးယိုးနှင့် ဒေါက်တာ ဉာဏ်ဇော်တို့ ပါဝင်သောအဖွဲ့သည် ပဲခူးတိုင်းဒေသကြီး၊ ပဲခူးမြို့နယ်၊ စာလေးကွင်း ကျေးရွာနေ ဦးအောင်ထွန်းဌေး (ပါ ) (၉) ဦး၏ တိုင်ကြားစာအရ ယန်စီကျန်းအထည် ချုပ် စက်ရုံသို့ အဝင်လမ်း ဖောက်လုပ်ရန်အတွက် လက်ရှိလုပ်ကိုင်နေသော လယ်ယာ မြေအတွင်း ကြိုတင်အသိပေးအကြောင်း ကြားခြင်းမရှိဘဲ ဘူဒိုဇာဖြင့် ဖျက်ဆီးခြင်း အား အခြေအနေမှန်ကို သိရှိနိုင်ရန်အတွက် ကွင်းဆင်း စစ်ဆေးခဲ့ကြပါသည်။

(ခ) ၇-၂-၂၀၁၃ ရက်နေ့တွင် ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ အမှတ် (၃) ရပ်ကွက်၊ ခိုင်ရွှေဝါလမ်းနှင့် မြစံပယ်လမ်းနေ ဦးအောင်ကိုကို (ပါ ) ၁၀ ဦး၏ တိုင်ကြားစာအရ Great Nine ကုမ္ပဏီ၏ကိုယ်ကျိုးစီးပွားတစ်ခုတည်းသာ ရှေ့ရှု၍ ရပ်ကွက်နေ ပြည်သူများ၏ အကျိုးပျက်စီးနစ်နာ ဆုံးရှုံးမှုအား သိရှိနိုင်ရန်အတွက် ကော်မရှင်ရုံးမှ ဦးစောနိုင် (ဒုတိယညွှန်ကြားရေးမှူး) နှင့် ဦးဇော်လွင်ထူး (လူ့အခွင့် အရေးအရာရှိ) တို့မှ ကွင်းဆင်းစစ်ဆေးခဲ့ပါသည်။

## ၃၉။ ၂၀၁၄ ခုနှစ်အတွင်း (၄) ကြိမ်

(က) ၃၀-၁-၂၀၁၄ ရက်နေ့တွင် ကော်မရှင် အတွင်းရေးမှူး ဦးစစ်မြိုင်၊ အဖွဲ့ဝင် ဦးလှမြင့်၊ အဖွဲ့ဝင် ဦးခွထီးယိုး၊ အဖွဲ့ဝင် ဒေါက်တာညဏ်ဇော်တို့ ပါဝင်သောအဖွဲ့မှ ရုံးအဖွဲ့ ၂ ဦး တို့နှင့်အတူ ရခိုင်ပြည်နယ်၊ မောင်တောမြို့နယ်သို့ ဒူချီးယားတန်း ကျေးရွာဖြစ်စဉ် အား သွားရောက်စုံစမ်းမေးမြန်းခဲ့ပါသည်။

(ခ) ၃၀-၄-၂၀၁၄ ရက်နေ့တွင် ကော်မရှင် အတွင်းရေးမှူး ဦးစစ်မြိုင်၊ အဖွဲ့ဝင် ဦးခွထီးယိုး၊ အဖွဲ့ဝင် ဒေါက်တာညဏ်ဇော်တို့ ပါဝင်သောအဖွဲ့မှ ရုံးအဖွဲ့ (၂) ဦး တို့နှင့်အတူ မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်ခရိုင်၊ သပိတ်ကျင်းမြို့နယ်၊ ကျောက်ဖျာ ကျေးရွာသို့ သွားရောက်၍ ကျေးရွာလူထုမှ တပ်မတော်လေ့ကျင့်ရေးကျောင်းအမှတ် (၁၃) မှ အရာရှိများအပေါ် တိုင်တန်းချက်အရ နယ်မြေများ စုံစမ်းစစ်ဆေးခြင်းနှင့် လူ့အခွင့်အရေးအကြောင်း သိကောင်းစရာများ ဟောပြောခဲ့ပါသည်။

(ဂ) ၃-၇-၂၀၁၄ ရက်နေ့တွင် ကော်မရှင်အဖွဲ့ဝင် ဒေါက်တာညဏ်ဇော်မှ မွန်ပြည်နယ်၊ မော်လမြိုင်မြို့၊ အောက်ကျင်း၊ ငန်းတေးရပ်ကွက်သို့ ဦးညွန့်လွင်၏ လယ်ယာမြေ များကို ထပရ (၅၂၅) ထောက်ပံ့နှင့် ပို့ဆောင်ရေးတပ်ရင်းမှ ဥပဒေမဲ့ မတရား သိမ်းဆည်းခဲ့ခြင်း ကိစ္စအား သွားရောက်၍ စုံစမ်းစစ်ဆေးခဲ့ပါသည်။

(ဃ) ၇-၇-၂၀၁၄ ရက်နေ့တွင် ကော်မရှင် အဖွဲ့ဝင် ဒေါက်တာညဏ်ဇော်နှင့် ရုံးအဖွဲ့ (၁) ဦး တို့မှ ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးမြို့နယ်၊ မရမ်းချောင်ကျေးရွာရှိ မေတ္တာ ပရဟိတဂေဟာသို့ သွားရောက်ပြီး ဂေဟာအတွင်း ငွေအလွဲသုံးစား ပြုလုပ်ခြင်း၊ အနာကြီးရောဂါသည် သက်ကြီးရွယ်အိုများအား ရိုင်းစိုင်းစွာ ဆဲဆို ကြိမ်းမောင်းခြင်း၊ မုဒိမ်းမှုဆန်ဆန် ဖြစ်ပွားမှုများကို သက်ဆိုင်ရာသို့ တိုင်ကြားပေး ခြင်းမရှိဘဲ ဖုံးကွယ် ထားမှုများမှန်ကန်မှုရှိ၊ မရှိ ကွင်းဆင်းစစ်ဆေးခဲ့ပါ သည်။

**အကျဉ်းထောင်များ စစ်ဆေးခြင်း**

၄၀။ **၂၀၁၁ ခုနှစ်အတွင်း (၃) ကြိမ်**

(က) ၈-၁၂-၂၀၁၁ ရက်နေ့မှ ၁၀-၁၂-၂၀၁၁ ရက်နေ့အထိ ကော်မရှင် အတွင်းရေးမှူး ဦးစစ်မြိုင် ဦးစီးပြီး အဖွဲ့ဝင် ဒေါက်တာညဏ်ဇော်၊ ဦးခွထီးယိုးနှင့် ဦးလဖိုင်ဇော်ဂွန်း တို့သည် ကချင်ပြည်နယ်၊ မြစ်ကြီးနားအကျဉ်းထောင်သို့ ကွင်းဆင်းစစ်ဆေးခဲ့ပါ သည်။

(ခ) ကော်မရှင် ဥက္ကဋ္ဌ ဦးဝင်းမြ ဦးစီးပြီး ဒုတိယဥက္ကဋ္ဌ ဦးကျော်တင့်ဆွေ၊ အတွင်းရေးမှူး ဦးစစ်မြိုင်၊ အဖွဲ့ဝင် ဦးသန်းဆွေ၊ အဖွဲ့ဝင် ဦးလှမြင့်၊ အဖွဲ့ဝင် ဦးလဖိုင်ဇော်ဂွန်း၊ အဖွဲ့ဝင် ဦးခင်မောင်လေး၊ အဖွဲ့ဝင် ဒေါ်စန်းစန်းတို့ ပါဝင်သော အဖွဲ့မှ ၂၇-၁၂-၂၀၁၁ ရက်နေ့တွင် အင်းစိန်အကျဉ်းထောင်သို့ သွားရောက် လေ့လာ ကြည့်ရှုခဲ့ပါသည်။

(ဂ) အဆိုပါအဖွဲ့မှပင် ၂၈-၁၂-၂၀၁၁ ရက်နေ့တွင် လှည်းကူးမြို့နယ်၊ လေ့လော့်အင်း ရဲဘက်စခန်း (အဝေးပြေးလမ်းမကြီး မိုင်တိုင် ၁၄) သို့ သွားရောက် ကြည့်ရှုခဲ့ကြ ပါသည်။

## ၄၁။ ၂၀၁၂ ခုနှစ်အတွင်း (၄) ကြိမ်

(က) ၃-၄-၂၀၁၃ ရက်နေ့တွင် ကော်မရှင် အတွင်းရေးမှူး ဦးစစ်မြိုင်၊ အဖွဲ့ဝင် ဒေါက်တာ ဉာဏ်ဇော်နှင့် ရုံးအဖွဲ့ ၁ ဦးပါဝင်သော အဖွဲ့မှ မန္တလေးတိုင်းဒေသကြီး၊ မန္တလေးမြို့၊ မိတ္ထီလာမြို့၊ ပုသိမ်ကြီးမြို့နယ်၊ ထုံးဘိုကျေးရွာများသို့ သွားရောက်၍ မန္တလေးတိုင်း ဒေသကြီး၊ မန္တလေးမြို့ မန္တလေး ဗဟိုအကျဉ်းထောင်၊ ထုံးဘိုကျောက်ထုတ်စခန်း (၃) ခုနှင့် မိတ္ထီလာမြို့ ကယ်ဆယ်ရေးစခန်းများ၏ ပကတိ အခြေအနေမှန်ကို ကွင်းဆင်း စစ်ဆေးခဲ့ပါသည်။

(ခ) ၂၀-၉-၂၀၁၃ ရက်နေ့မှ ၂၃-၉-၂၀၁၃ ရက်နေ့ထိ တနင်္သာရီတိုင်းဒေသကြီး၊ ကော့သောင်းမြို့သို့ ကော်မရှင် အတွင်းရေးမှူး ဦးစစ်မြိုင်၊ အဖွဲ့ဝင် ဒေါက်တာ ဉာဏ်ဇော်၊ အဖွဲ့ဝင် ဦးခွထီးယိုးနှင့် ရုံးအဖွဲ့ ၁ ဦးတို့ ပါဝင်လျက် ကော့သောင်း အကျဉ်းထောင်သို့ အကျဉ်းထောင်ဆူပူမှုနှင့် နှိမ်နင်းပစ်ခတ်မှု ဖြစ်စဉ်နှင့်ပတ်သက်၍ သွားရောက် စစ်ဆေးခဲ့ပါသည်။

(ဂ) ၂၆-၉-၂၀၁၃ ရက်နေ့မှ ၂၇-၉-၂၀၁၃ ရက်နေ့ထိ မွန်ပြည်နယ်၊ မော်လမြိုင်မြို့သို့ မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင် အတွင်းရေးမှူး ဦးစစ်မြိုင်၊ အဖွဲ့ဝင် ဒေါက်တာ ဉာဏ်ဇော်၊ အဖွဲ့ဝင် ဦးခွထီးယိုးနှင့် ရုံးအဖွဲ့ ၂ ဦးတို့ ပါဝင်လျက် မော်လမြိုင် အကျဉ်းထောင်သို့ သွားရောက် စစ်ဆေးခဲ့ပါသည်။

(ဃ) ၅-၉-၂၀၁၃ ရက်နေ့မှ ၁၁-၉-၂၀၁၃ ရက်နေ့ထိ ရခိုင်ပြည်နယ်၊ စစ်တွေမြို့၊ ပုဏ္ဏား ကျွန်းမြို့၊ ကျောက်တော်မြို့၊ မြောက်ဦးမြို့နှင့် သံတွဲမြို့များသို့ ကော်မရှင် အတွင်း ရေးမှူး ဦးစစ်မြိုင်၊ အဖွဲ့ဝင် ဒေါ်စန်းစန်း၊ အဖွဲ့ဝင် ဒေါက်တာဉာဏ်ဇော်နှင့် ရုံးအဖွဲ့ ၁ ဦးတို့သည် လူ့အခွင့်အရေးအကြောင်း သိကောင်းစရာများ ရှင်းလင်း ဆွေးနွေးခြင်း၊ စစ်တွေအကျဉ်းထောင်သို့ သွားရောက်ကြည့်ရှု၍ စစ်ဆေးခြင်း၊ သံတွဲ မြို့နယ်အတွင်း ပဋိပက္ခ ဖြစ်ပွားခဲ့သော ကျေးရွာများသို့ သွားရောက်၍ ဖြစ်စဉ်များ မေးမြန်းခြင်းနှင့် စစ်တွေမြို့အနီးရှိ ဒုက္ခသည်စခန်းများသို့ သွားရောက် လေ့လာခြင်းများ ပြုလုပ်ခဲ့ ပါသည်။

**မေတ္တာရပ်ခံသည့် အိတ်ဖွင့်ပေးစာများပေးပို့ခြင်း**

၄၂။ ၁၀-၁၀-၂၀၁၁ ရက်နေ့တွင် အကျဉ်းသားများ လွတ်ပေးရေးအတွက် စဉ်းစားပေးပါရန် မေတ္တာရပ်ခံသည့် အိတ်ဖွင့်ပေးစာကို မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်အနေဖြင့် နိုင်ငံတော် သမ္မတထံသို့ ပေးပို့ခဲ့ပါသည်။ အဆိုပါစာတွင် ကုလသမဂ္ဂ အတွင်းအရေးမှူးချုပ်နှင့် အချို့နိုင်ငံတို့၏ မျှော်လင့်တောင့်တချက် တစ်ရပ်မှာ "ယုံကြည်ချက်ကြောင့် အကျဉ်းကျခံနေရသူများ" (PRISONERS OF CONSCIENCE) ဟု ၎င်းတို့ ဖော်ညွှန်းနေသော အကျဉ်းထောင်တွင်း ရှိနေသူများအား လွတ်ပေးရေး ကိစ္စတစ်ရပ်ပင် ဖြစ်ပါကြောင်း၊ ထိုအကျဉ်းသားများသည် တည်ဆဲ ဥပဒေများကို ချိုးဖောက်သဖြင့် အပြစ်ဒဏ်ကျခံနေရသူများ ဖြစ်သည်ဟူသော နိုင်ငံတော် အစိုးရ၏ ရပ်တည်ချက်ကိုလည်း ကော်မရှင်အနေဖြင့် လက်ခံ သဘောပေါက်ကြောင်း၊ တည်ဆဲ ဥပဒေကို ချိုးဖောက်သဖြင့် အကျဉ်းကျနေသူများအနက် နိုင်ငံတော် တည်ငြိမ်ရေးနှင့် အများပြည်သူ အေးချမ်း သာယာရေးကို ထိပါးမည့်၊ တိုင်းရင်းသား အကျိုးစီးပွားကို ထိပါးမည့် အန္တရာယ် မရှိနိုင်သော အကျဉ်းသားများကို လွတ်ပေးခြင်းအားဖြင့် နိုင်ငံတော် တည်ဆောက်ရေးတွင် တစ်တပ်တစ်အား ပါဝင်ဆောင်ရွက်နိုင် ကြမည်ဖြစ်ကြောင်း၊ နိုင်ငံတော်သမ္မတ၏ မေတ္တာ စေတနာကို ထင်ဟပ်ဖော်ပြ သည့်အနေဖြင့် ၎င်းတို့အား ကျခံနေရသော အပြစ်ဒဏ်အသီးသီးမှ လွတ်ငြိမ်းချမ်းသာခွင့်ပေးပြီး အကျဉ်းထောင်မှ လွတ်ပေးရေးကို အလေးထား စဉ်းစားပေးပါရန် မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့် အရေး ကော်မရှင်အနေဖြင့် မေတ္တာရပ်ခံပါ ကြောင်း စသည်ဖြင့် ဖော်ပြပါရှိခဲ့ပါသည်။

၄၃။ ၁၁-၁၁-၂၀၁၁ ရက်နေ့တွင်လည်း နိုင်ငံတော် သမ္မတထံသို့ အိတ်ဖွင့်စာတစ်စောင် ပေးပို့ခဲ့ ပါသည်။ အဆိုပါစာတွင် နိုင်ငံတော်သမ္မတကြီးမှ အကျဉ်းကျနေသူ ၆၃၅၉ ဦးအား လွတ်ငြိမ်း ချမ်းသာခွင့် ပေးခဲ့ပါသဖြင့် များစွာ အားရကျေနပ်မိပါကြောင်း၊ နိုင်ငံတော် တည်ငြိမ်ရေးနှင့် အများ ပြည်သူ အေးချမ်းသာယာရေးကို ထိပါးမည့်၊ တိုင်းရင်းသား အကျိုးစီးပွားကို ထိပါးမည့် အန္တရာယ် မရှိနိုင်သော ကျန်ရှိနေသော အကျဉ်းသားများ လွတ်ပေးရေးနှင့် အကျဉ်းကျခံ နေရသူများ အနက် နိုင်ငံတော်တည်ငြိမ် အေးချမ်းမှုကို ထိန်းသိမ်းရန် လိုအပ်ချက်အရ လွတ်ငြိမ်းချမ်းသာခွင့်တွင် ထည့်သွင်း မပေးနိုင်သေးသည့်သူများ ရှိပါကလည်း ထိုသူများသည် မိသားစုနှင့် ဝေးလံသည့်ဒေသရှိ အကျဉ်းထောင်များတွင် ကျခံနေသူများဖြစ်ပါ က မိသားစုတွေ့ဆုံနိုင်ရန် သွားလာ၍ လွယ်ကူ သည့် အကျဉ်းထောင်များသို့ ပြောင်းရွှေ့ပေးနိုင်ပါရန်လည်း စဉ်းစားပေးပါရန် မေတ္တာရပ်ခံပါကြောင်း စသည်ဖြင့် ဖော်ပြပါရှိခဲ့ပါသည်။

### နိုင်ငံရေးအကျဉ်းသားများကိစ္စ

၄၄။ ကော်မရှင်အနေဖြင့် ယုံကြည်ချက်ကြောင့် အကျဉ်းကျခံရသူများ အပါအဝင် နိုင်ငံတော်၏ တည်ငြိမ်အေးချမ်းမှုကို အန္တရာယ်မပြုဘဲ၊ နိုင်ငံတော် တည်ဆောက်ရေးတွင် ပူးပေါင်း ပါဝင်ဆောင် ရွက်နိုင်မည့် အကျဉ်းသားများအား လွတ်ငြိမ်းချမ်းသာခွင့် ပြုနိုင်ရန်အတွက် နိုင်ငံတော်သမ္မတထံသို့ အိတ်ဖွင့်ပေးစာများ ပေးပို့တင်ပြ မေတ္တာရပ်ခံခဲ့ပါသည်။ လက်ကျန်နိုင်ငံရေး အကျဉ်းသားများ ပြန်လွတ်ပေးနိုင်ရန်အတွက် ၎င်းတို့၏အမှုများကို စစ်ဆေးရန် နိုင်ငံရေးအကျဉ်းသားများ စိစစ်ရေး ကော်မတီတစ်ရပ်ကို ပြည်ထောင်စု အစိုးရအဖွဲ့မှ ဖွဲ့စည်းရာတွင် မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့် အရေး ကော်မရှင်မှ အတွင်းရေးမှူး ဦးစစ်မြိုင်မှ အဖွဲ့ဝင်အဖြစ် ပါဝင်ဆောင်ရွက်ပါသည်။

**ဆောင်ရွက်ချက်အကျဉ်းချုပ်**

၄၅။ တင်ပြကာလအတွင်း ဆောင်ရွက်ချက် အကျဉ်းချုပ်မှာ−

(က) တိုင်တန်းချက် (၇၂၁၈) စောင်စိစစ်ဆုံးဖြတ်၍ လိုအပ်သလို ဆောင်ရွက်နိုင်ခဲ့ပါသည်။

(ခ) တိုင်တန်းချက်များအပေါ် (၁၆) ကြိမ် ကွင်းဆင်းစစ်ဆေးနိုင်ခဲ့ပါသည်။

(ဂ) အကျဉ်းထောင် (၆) ခုနှင့် အကျဉ်းစခန်း (၄) ခုသို့ ကြည့်ရှုစစ်ဆေးနိုင်ခဲ့ပါသည်။

(ဃ) လူ့အခွင့်အရေး ကာကွယ်စောင့်ရှောက်ရေးနှင့် သက်ဆိုင်သော ထုတ်ပြန်ကြေညာချက် (၁၅) စောင် ထုတ်ပြန်၍ အများပြည်သူသို့ အသိပေးတင်ပြနိုင်ခဲ့ပါသည်။

**လူ့အခွင့်အရေးကာကွယ်စောင့်ရှောက်ရေးဌာနနှင့် သက်ဆိုင်သည့်**
**သတင်းထုတ်ပြန်ချက်နှင့် အိတ်ဖွင့်ပေးစာများ**

| စဉ် | အကြောင်းအရာ | စောင်ရေ |
|---|---|---|
| ၁။ | ကချင်ဒေသဆိုင်ရာ သတင်းထုတ်ပြန်ချက် | (၄)စောင် |
| ၂။ | ရခိုင်ဒေသဆိုင်ရာ သတင်းထုတ်ပြန်ချက် | (၃) စောင် |
| ၃။ | နိုင်ငံတော် သမ္မတထံသို့ အိတ်ဖွင့်ပေးစာ | (၂) စောင် |
| ၄။ | အင်းစိန် ဗဟိုအကျဉ်းထောင်နှင့် လေ့လှော်အင်း ရဲဘက်စခန်းသို့ သွားရောက်ခဲ့ခြင်းနှင့်စပ်လျဉ်းသည့် သတင်းထုတ်ပြန်ချက် | (၁) စောင် |
| ၅။ | မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင် တိုင်တန်းချက်များလက်ခံခြင်းနှင့်စပ်လျဉ်းသည့်သတင်းထုတ်ပြန်ချက် | (၂) စောင် |
| ၆။ | ကလေးသူငယ်များ စစ်မှုထမ်းခြင်းမှ ကာကွယ်တားဆီး ထိန်းသိမ်းရေးနှင့် စပ်လျဉ်းသည့် မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေးကော်မရှင်၏ ထုတ်ပြန်ချက် | (၁) စောင် |
| ၇။ | နိုင်ငံတော်သမ္မတ၏ ပြစ်ဒဏ်လွတ်ငြိမ်းခွင့်အမိန့်နှင့် စပ်လျဉ်း၍ ဝမ်းမြောက်ကြောင်း ကော်မရှင် သတင်းထုတ်ပြန်ချက် | (၂) စောင် |

**နိုင်ငံတကာ ဆက်ဆံရေးဌာန၏ ဆောင်ရွက်ချက်များ**

**တာဝန်နှင့် လုပ်ပိုင်ခွင့်များ**

၄၆။ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် အစိုးရအဖွဲ့၏ ၂၀၁၁ ခုနှစ်၊ စက်တင်ဘာလ ၅ ရက်နေ့စွဲပါ အမိန့်ကြော်ငြာစာ အမှတ် ၃၄/၂၀၁၁ အရ မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်ကို ဖွဲ့စည်း၍ တာဝန်နှင့် လုပ်ပိုင်ခွင့်များကို သတ်မှတ်ပေးခဲ့ရာတွင် "လူ့အခွင့်အရေး မြှင့်တင်ရေး၊ ကာကွယ်ရေးတို့နှင့် စပ်လျဉ်း၍ ဆောင်ရွက်နေသော ကုလသမဂ္ဂ အဖွဲ့အစည်းများ၊ ပြည်ပ မိတ်ဖက်အဖွဲ့အစည်းများနှင့် ဆက်သွယ်ဆောင်ရွက်ခြင်း" သည် ကော်မရှင်၏ လုပ်ပိုင်ခွင့်တွင် ပါဝင်ပါသည်။

**လုပ်ငန်းတာဝန်များ ထမ်းဆောင်ခြင်း**

၄၇။ နိုင်ငံတကာ ဆက်ဆံရေးဌာနသည် မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင် အဖွဲ့ဝင် (၃) ဦး၏ အနီးကပ် ဦးဆောင်လမ်းညွှန်မှု အောက်တွင် ကော်မရှင်ရုံး အကြီးအမှူးအား တာဝန်ခံ၍ ကုလသမဂ္ဂ၏ လူ့အခွင့်အရေးဆိုင်ရာ လုပ်ငန်းများဆောင်ရွက်ခြင်း၊ ကုလသမဂ္ဂ လက်အောက်ခံ အဖွဲ့အစည်းများနှင့် လူ့အခွင့်အရေးဆိုင်ရာ ကိစ္စရပ်များ ပူးပေါင်းဆောင်ရွက်ခြင်း၊ ကော်မရှင် ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ လူ့အခွင့်အရေးဆိုင်ရာ ကိစ္စရပ်များအတွက် နိုင်ငံခြားသို့ ခရီး ထွက်ခွာခြင်း ကိစ္စရပ်များဆောင်ရွက်ခြင်း၊ ကော်မရှင် ရုံးဝန်ထမ်းများ နိုင်ငံခြားသို့ ခရီးထွက်ခွာ ခြင်း ကိစ္စရပ်များ ဆောင်ရွက်ခြင်း၊ ကော်မရှင် ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၏ နိုင်ငံခြား သံတမန်များ၊ ကုလသမဂ္ဂ အဖွဲ့အစည်းအသီးသီးရှိ ဌာနေ ကိုယ်စားလှယ်များ၊ အခြားအဖွဲ့ အစည်းအသီးသီးရှိ ပုဂ္ဂိုလ်များနှင့် တွေ့ဆုံခြင်း ကိစ္စရပ်များနှင့် ပတ်သက်၍ မှတ်တမ်းတင်ခြင်း၊ အစီရင်ခံစာ ရေးသား ခြင်းဆိုင်ရာ ကိစ္စများ ဆောင်ရွက်ခြင်း စသည့် လုပ်ငန်းတာဝန်များကို အရာထမ်း (၃) ဦး၊ အမှုထမ်း (၂) ဦးဖြင့် ထမ်းဆောင်ပါသည်။

**ဒေသဆိုင်ရာ လူ့အခွင့်အရေး အဖွဲ့အစည်းများတွင် ပါဝင်မှု**

၄၈။ **Southeast Asia National Human Rights Institutions Forum (SEANF) နှင့် ပူးပေါင်း ဆောင်ရွက်ခြင်း**။ မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်သည် မိမိလုပ်ငန်းများ ပိုမိုထိရောက်စွာ ဆောင်ရွက်နိုင်ရေးအတွက် ဒေသဆိုင်ရာ လူ့အခွင့်အရေး အဖွဲ့အစည်းများတွင် ပါဝင်နိုင်ရေး၊ ဒေသတွင်း အမျိုးသား လူ့အခွင့်အရေး ကော်မရှင်များ၏ လုပ်ငန်းဆောင်ရွက်ပုံ ဆောင်ရွက်နည်းများမှ မိမိတို့ နိုင်ငံအတွက် သင့်လျော်မည့် နည်းလမ်းများကို လေ့လာနိုင်ရေးတို့ကို ကြိုးပမ်း ဆောင်ရွက်ခဲ့ရာတွင် အင်ဒိုနီးရှား၊ မလေးရှား၊ ဖိလစ်ပိုင်နှင့် ထိုင်းသို့ သွားရောက် လေ့လာခဲ့ပါသည်။ ၂၀၁၂ ခုနှစ်၊ စက်တင်ဘာလ ၁၂ ရက်နေ့မှ ၁၄ ရက်နေ့အထိ ထိုင်းနိုင်ငံ ဖင်းမယ် မြို့တွင် ကျင်းပခဲ့သည် SEANF နဝမအကြိမ် အစည်းအဝေးတွင် မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့် အရေး ကော်မရှင်ကို SEANF ၏ ဆဋ္ဌမမြောက် အဖွဲ့ဝင်အဖြစ် လက်ခံခဲ့ပါသည်။

၄၉။ **Asia-Pacific Forum (APF) နှင့် ပူးပေါင်းဆောင်ရွက်ခြင်း**။ ယင်းနောက် ကော်မရှင်သည် အာရှ-ပစိဖိတ်ဒေသအတွင်းရှိ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်များဖြင့် ဖွဲ့စည်းထားသည့် အာရှ-ပစိဖိတ်ဖိုရမ် APF ၏ အဖွဲ့ဝင်ဖြစ်ရေးကို ဆက်လက် ကြိုးပမ်းခဲ့ရာ ဂျော်ဒန်နိုင်ငံ၊ အာမန် မြို့တွင် ၂၀၁၂ ခုနှစ်၊ နိုဝင်ဘာလ ၄ ရက်နေ့မှ ၇ ရက်နေ့အထိ ကျင်းပခဲ့သည့် အာရှ- ပစိဖိတ်ဖိုရမ်၏ လုပ်ငန်းဆိုင်ရာ အစည်းအဝေးက မြန်မာနိုင်ငံကို တွဲဖက် အဖွဲ့ဝင် (Associate Member) အဖြစ် လက်ခံခဲ့ပါသည်။

၅၀။ အဆိုပါ ဖိုရမ်နှစ်ခု၌ အဖွဲ့ဝင်ဖြစ်ပြီးချိန်မှ အစပြု၍ ကော်မရှင်သည် ယင်းဖိုရမ်များ၏ အစည်းအဝေးများသို့ အစဉ်တစိုက် တက်ကြွစွာ ပါဝင်တက်ရောက်လျက် ရှိပါသည်။ လူ့အခွင့်အရေး မြှင့်တင်ကာကွယ်ရေး လုပ်ငန်းများကို ထိရောက်စွာနှင့် စနစ်တကျ အကောင်အထည်ဖော်နိုင်ရေး

အလို့ငှာ ရည်ရွယ်ချက် (၅) ရပ် ပါရှိသည့် ၂၀၁၄-၂၀၁၆ ခုနှစ်အတွက် Strategic Plan ကို APF ၏ အကူအညီဖြင့် ရေးဆွဲနိုင်ခဲ့ပါသည်။

၅၁။ **နိုင်ငံတကာလူ့အခွင့်အရေးအဖွဲ့အစည်းများ၏ လုပ်ငန်းဆောင်ရွက်ပုံနည်းလမ်းများကို လေ့လာခြင်း**။ ဒေသတွင်း အမျိုးသား လူ့အခွင့်အရေး ကော်မရှင်များနှင့် နိုင်ငံတကာ လူ့အခွင့်အရေး အဖွဲ့အစည်းများ၏ လုပ်ငန်းဆောင်ရွက်ပုံ နည်းလမ်းများကို ကော်မရှင် သက်တမ်း (၃) နှစ်အတွင်း အောက်ပါအတိုင်း သွားရောက်လေ့လာခဲ့ကြပါသည်-

(က) ၂၀၁၁ ခုနှစ်၊ နိုဝင်ဘာလ ၂၀ ရက်နေ့ မှ ၂၄ ရက်နေ့အထိ ဖိလစ်ပိုင်နိုင်ငံ အမျိုးသား လူ့အခွင့်အရေးကော်မရှင်သို့ သွားရောက်ခြင်း၊

(ခ) ၂၀၁၂ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၂ ရက်နေ့ မှ ၁၇ ရက်နေ့အထိ ထိုင်းနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်နှင့် မလေးရှားနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်တို့သို့ သွားရောက်ခြင်း၊

(ဂ) ၂၀၁၂ ခုနှစ်၊ မတ်လ ၁၈ ရက်နေ့ မှ ၂၄ ရက်နေ့ အထိ အင်ဒိုနီးရှားနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်သို့ သွားရောက်လေ့လာခြင်း၊

(ဃ) ၂၀၁၂ခုနှစ်၊ မေလ ၂၂ ရက်နေ့ မှ ၂၄ ရက်နေ့အထိ အိန္ဒိယနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်သို့ သွားရောက်ခြင်း၊

(င) ၂၀၁၃ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၇ ရက်နေ့ မှ ၂၄ ရက်နေ့အထိ ဒိန်းမတ် အမျိုးသား လူ့အခွင့်အရေး အဖွဲ့အစည်း၊ ဂျာမဏီ အမျိုးသား လူ့အခွင့်အရေး အဖွဲ့အစည်းနှင့် ပြင်သစ်နိုင်ငံ Strasbourg မြို့ရှိ ဥရောပ သမဂ္ဂ လူ့အခွင့်အရေး တရားရုံးတို့သို့ သွားရောက်ခြင်း၊

(စ) ၂၀၁၃ ခုနှစ်၊ ဧပြီလ ၂ ရက်နေ့ မှ ၈ ရက်နေ့အထိ ဩစတြေးလျနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်နှင့် နယူးဇီလန်နိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်တို့သို့ သွားရောက်ခြင်း၊

(ဆ) ၂၀၁၄ ခုနှစ်၊ စက်တင်ဘာလ ၁၄ ရက်နေ့မှ ၂၀ ရက်နေ့အထိ မွန်ဂိုလျား အမျိုးသား လူ့အခွင့်အရေး ကော်မရှင်နှင့် တရုတ်ပြည်သူ့ သမ္မတနိုင်ငံ လူ့အခွင့်အရေး လေ့လာရေး အဖွဲ့တို့သို့ သွားရောက်ခြင်း။

၅၂။ မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်သည် လူ့အခွင့်အရေး မြှင့်တင်ကာကွယ်ရေးတွင် အတွေ့အကြုံ ဖလှယ်ရန်နှင့် ပူးပေါင်းဆောင်ရွက်ရန်အတွက် ပြည်ပ အဖွဲ့အစည်းများမှ ဖိတ်ကြားသည့် အလုပ်ရုံဆွေးနွေးပွဲများနှင့် အစည်းအဝေးများသို့ တက်ရောက်ခဲ့ရာ ၂၀၁၁ ခုနှစ်တွင် (၅) ကြိမ်၊ ၂၀၁၂ ခုနှစ်တွင် (၂၈) ကြိမ်၊ ၂၀၁၃ ခုနှစ်တွင် (၃၄) ကြိမ်နှင့် ၂၀၁၄ ခုနှစ်၊ စက်တင်ဘာလ ၂၄ ရက်နေ့အထိ (၁၈) ကြိမ်၊ စုစုပေါင်း (၈၅) ကြိမ် တက်ရောက်ခဲ့ကြပါသည်။ ကော်မရှင်ရုံးဝန်ထမ်းများအား လူ့အခွင့်အရေး မြှင့်တင်ကာကွယ်ရေး လုပ်ငန်းများကို လေ့လာသိရှိနိုင်စေရန်

အတွက် ရည်ရွယ်၍ ပြည်တွင်းနှင့် ပြည်ပ လူ့အခွင့်အရေးဆိုင်ရာ သင်တန်းများလည်း တက်ရောက်စေခဲ့ပါသည်။

၅၃။ ကော်မရှင်သည် ဆွီဒင်နိုင်ငံ Swedish International Development Agency (Sida) ၏ ထောက်ပံ့မှုဖြင့် Raoul Wallenberg Institute of Human Rights and Humanitarian Law (RWI) နှင့် ပူးပေါင်းဆောင်ရွက်လျက် လူ့အခွင့်အရေး မြှင့်တင်ကာကွယ်ရေးလုပ်ငန်း၊ ကော်မရှင်ရုံးဝန်ထမ်းများ စွမ်းဆောင်ရည် မြှင့်တင်ရေးလုပ်ငန်းများကို စနစ်တကျ စီမံချက်များ ချမှတ် ဆောင်ရွက်ခဲ့ရာ ၂၀၁၁ ခုနှစ်မှ ၂၀၁၄ ခုနှစ် အတွင်း RWI ၏ ထောက်ပံ့မှု ဖြင့် ပြည်တွင်း၌ အလုပ်ရုံ ဆွေးနွေးပွဲနှင့် သင်တန်း စုစုပေါင်း (၁၀) ကြိမ် ကျင်းပပြုလုပ်ခဲ့ပါသည်။

၅၄။ မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်သည် နိုင်ငံတကာဆက်ဆံရေး တိုးမြှင့်ရေး အတွက် နိုင်ငံရပ်ခြားမှ ကိုယ်စားလှယ်များနှင့် ပြည်တွင်း ပြည်ပသံရုံးများ၊ ပြည်တွင်းနှင့် နိုင်ငံတကာ အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ ပြည်ပသတင်းဌာနများမှ ကိုယ်စားလှယ်များ စသည် တို့ကို ကော်မရှင်ရုံးတွင် လက်ခံတွေ့ဆုံကာ အမြင်ချင်း ဖလှယ်ခဲ့ပါသည်။ ကော်မရှင်သည် ၂၀၁၁ ခုနှစ်မှ ၂၀၁၄ ခုနှစ်၊ စက်တင်ဘာလအထိ ပြည်တွင်း၊ ပြည်ပ ကိုယ်စားလှယ်အဖွဲ့ (၁၈၇) ဖွဲ့ကို လက်ခံတွေ့ဆုံခဲ့ပါသည်။

**သတင်းထုတ်ပြန်ချက်များ**

၅၅။ နိုင်ငံတကာ ဆက်ဆံရေးဌာနသည် ကော်မရှင်၏ အရေးကြီးသော ဆောင်ရွက်ချက်များကို ပြည်တွင်းရှိ ပြည်သူလူထုနှင့် ပြည်ပမှ စိတ်ပါဝင်စားသူများ သိရှိနိုင်ရေးအတွက် သတင်းထုတ်ပြန် ချက်များကို နိုင်ငံတော်ပိုင် သတင်းစာများတွင် အလျဉ်းသင့်သကဲ့သို့ ထည့်သွင်း ထုတ်ပြန်ခဲ့ပြီး ၂၀၁၁ ခုနှစ် မှ ၂၀၁၄ ခုနှစ်၊ စက်တင်ဘာလအထိ အောက်ပါ သတင်းထုတ်ပြန်ချက် စုစုပေါင်း (၇) စောင်ကို ထုတ်ပြန်ခဲ့ပါသည်။

| စဉ် | အကြောင်းအရာ | စောင်ရေ |
|---|---|---|
| ၁။ | လူ့အခွင့်အရေးနေ့ အထိမ်းအမှတ် သတင်းထုတ်ပြန်ချက် | (၃) စောင် |
| ၂။ | အရှေ့တောင်အာရှအမျိုးသားလူ့အခွင့်အရေးအဖွဲ့အစည်းများဖိုရမ် ၏ အဖွဲ့ဝင်အဖြစ် လက်ခံလိုက်ခြင်းနှင့် ပတ်သက်သည့် သတင်း ထုတ်ပြန်ချက် | (၁) စောင် |
| ၃။ | အာရှ-ပစိဖိတ်ဖိုရမ်၏ တွဲဖက်အဖွဲ့ဝင်အဖြစ် လက်ခံလိုက်ခြင်းနှင့် ပတ်သက်သည့် သတင်းထုတ်ပြန်ချက် | (၁) စောင် |
| ၄။ | မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင် ရပ်တည်ဆောင် ရွက်ခြင်းနှင့်ပတ်သက်သည့် သတင်းထုတ်ပြန်ချက် | (၁) စောင် |

| | | |
|---|---|---|
| ၅။ | ၂၀၁၄ ခုနှစ်တွင် အာဆီယံ၏ အလှည့်ကျဥက္ကဋ္ဌအဖြစ် တာဝန်ယူ ဆောင်ရွက်ရခြင်းအပေါ် ကော်မရှင်မှ ဝမ်းမြောက်ကြောင်း သတင်း ထုတ်ပြန်ချက် | (၁) စောင် |

## လူ့အခွင့်အရေး မြှင့်တင်ရေးနှင့် လေ့ကျင့်ပညာပေးရေးဌာန၏ ဆောင်ရွက်ချက်များ

### တာဝန်နှင့် လုပ်ပိုင်ခွင့်များ

၅၆။ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် အစိုးရအဖွဲ့၏ အမိန့်ကြော်ငြာစာအမှတ် (၃၄/၂၀၁၁) ဖြင့် ဖွဲ့စည်းပေးခဲ့သော မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင် တာဝန်နှင့် လုပ်ပိုင်ခွင့် များတွင် ပါရှိသည့်အတိုင်း လူ့အခွင့်အရေး အသိပညာများ မြှင့်တင်ရေးနှင့် စပ်လျဉ်းပြီး ပြည်သူတို့ ၏ ပညာအဆင့်အတန်း မြှင့်တင်ရေးလုပ်ငန်းများကို အကောင်အထည်ဖော်ရာတွင် လူ့အခွင့်အရေး မြှင့်တင်ရေးနှင့် လေ့ကျင့်ပညာပေး ဌာနအနေဖြင့် ကော်မရှင်အဖွဲ့ဝင် (၃) ဦးမှ ဦးစီးပြီး လုပ်ငန်း အထောက်အကူ ဖြစ်စေရေးအတွက် ဒုတိယညွှန်ကြားရေးမှူး (၁) ဦး၊ လက်ထောက်ညွှန်ကြားရေး မှူး (၁) ဦး၊ လက်ထောက်စာကြည့်တိုက်မှူး (၁) ဦး၊ ဒုတိယ လူ့အခွင့်အရေး ဦးစီးမှူး(၁) ဦး၊ အငယ်တန်းစာရေး (၁) ဦးတို့ဖြင့် အကောင်အထည် ဖော်ဆောင်ရွက်လျက် ရှိပါသည်။

### လုပ်ငန်းအကောင်အထည်ဖော် ဆောင်ရွက်ချက်များ

၅၇။ လူ့အခွင့်အရေး မြှင့်တင်ရေးနှင့် လေ့ကျင့်ပညာပေး ဌာနအနေဖြင့် လူ့အခွင့်အရေးကို ပြည်သူ အများ ပိုမိုသိရှိနားလည်လာပြီး လူ့အခွင့်အရေးများနှင့် အခြေခံ လွတ်လပ်ခွင့်များအပေါ် လေးစား မှုကို ပိုမိုခိုင်မာလာစေရန်၊ နိုင်ငံသားတိုင်း လူ့အခွင့်အရေးများကို လိုက်နာကျင့်သုံးတတ်စေရန် လူ့အခွင့်အရေး အလုပ်ရုံဆွေးနွေးပွဲများ၊ သင်တန်းများနှင့် ဟောပြောပွဲများကို (၃) နှစ်တာ ကာလ အတွင်း အောက်ပါအတိုင်း ကျင်းပပြုလုပ်ခဲ့ပါသည်-

(က) **၂၀၁၁ခုနှစ်အတွင်းဆောင်ရွက်ချက်များ**

(၁) ၁၁-၁၁-၂၀၁၁ ရက်နေ့တွင် ရန်ကုန်မြို့၊ IBC ခန်းမ၌ ကလေးသူငယ်နှင့် လူ့အခွင့်အရေး လုပ်ငန်းဆိုင်ရာ ပညာပေးလုပ်ငန်း ဆွေးနွေးပွဲကို ကျင်းပခဲ့ပါ သည်။

(၂) ၁၄-၁၁-၂၀၁၁ ရက်နေ့တွင် Sedona Hotel၊ မင်းတုန်းခန်းမ၌ MNHRC နှင့် ဘန်ကောက်မြို့ရှိ ကုလသမဂ္ဂ လူ့အခွင့်အရေးဆိုင်ရာ မဟာမင်းကြီးရုံးတို့ ပူးပေါင်း၍ အစိုးရဝန်ထမ်းများအတွက် လူ့အခွင့်အရေး ဘာသာရပ်ဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကို ကျင်းပ ပြုလုပ်ခဲ့ပါသည်။

**(ခ) ၂၀၁၂ ခုနှစ်အတွင်း ဆောင်ရွက်ချက်များ**

(၁) ၁၆-၁-၂၀၁၂ ရက်နေ့မှ ၁၈-၁-၂၀၁၂ ရက်နေ့အထိ ရန်ကုန်မြို့၊ ကုန်သည်ကြီးများဟိုတယ်၌ MNHRC နှင့် ကုလသမဂ္ဂကလေးများ ရန်ပုံငွေအဖွဲ့[4] (မြန်မာ) တို့ ပူးပေါင်း၍ ကလေးသူငယ်နှင့် လူ့အခွင့်အရေး အသိပညာပေး လုပ်ငန်းဆိုင်ရာ အလုပ်ရုံ ဆွေးနွေးပွဲကို ကျင်းပခဲ့ပါသည်။

(၂) ၁၅-၃-၂၀၁၂ ရက်နေ့မှ ၁၇-၃-၂၀၁၂ ရက်နေ့အထိ ရန်ကုန်မြို့၊ အင်းယားလိတ်ဟိုတယ်တွင် Human Rights Training Workshop for the Officials of the Government of the Republic of the Union of Myanmar ကို ကျင်းပ ပြုလုပ်ခဲ့ပါသည်။

(၃) ၃၀-၈-၂၀၁၂ ရက်နေ့မှ ၃၁-၈-၂၀၁၂ ရက်နေ့အထိ ရန်ကုန်မြို့ Chatrium Hotel တွင် Seminar on Good Practices in achieving compliance with the Paris Principles on National Human Rights Institutions ကို ကျင်းပပြုလုပ်ခဲ့ပါသည်။

(၄) ၂၀-၁၁-၂၀၁၂ ရက်နေ့တွင် ရန်ကုန်မြို့၊ IBC ခန်းမ၌ ကလေးသူငယ် အခွင့်အရေးဆိုင်ရာ ကုလသမဂ္ဂ သဘောတူစာချုပ် အထိမ်းအမှတ်နေ့ အခမ်းအနား ကျင်းပပြုလုပ်ခဲ့ပါသည်။

**(ဂ) ၂၀၁၃ ခုနှစ်အတွင်း ဆောင်ရွက်ချက်များ**

(၁) ၂၈-၁-၂၀၁၃ ရက်နေ့မှ ၂၉-၁-၂၀၁၃ ရက်နေ့အထိ ရန်ကုန်မြို့၊ အင်းယားလိတ်ဟိုတယ်တွင် Training Workshop on Business and Human Rights ကို ကျင်းပပြုလုပ်ခဲ့ပါသည်။

(၂) ၁၁-၃-၂၀၁၃ ရက်နေ့မှ ၁၅-၃-၂၀၁၃ ရက်နေ့အထိ ကော်မရှင်ရုံး၌ Human Rights Training for MNHRC Staff (RWI) ကို ကျင်းပ ပြုလုပ်ခဲ့ပါသည်။

(၃) ၄-၄-၂၀၁၃ ရက်နေ့မှ ၅-၄-၂၀၁၄ ရက်နေ့အထိ ကော်မရှင်ရုံး၌ Website Training for MNHRC Staff ကို ကျင်းပပြုလုပ်ခဲ့ပါသည်။

(၄) ၂၇-၅-၂၀၁၃ ရက်နေ့မှ ၂၈-၅-၂၀၁၃ ရက်နေ့အထိ ရန်ကုန်မြို့၊ Chatrium Hotel ၌ Training Workshop on International Covenant on Economic, Social and Cultural Rights (RWI) ကို ကျင်းပပြုလုပ်ခဲ့ပါသည်။

---

[4] *UNICEF*

(၅) ၃-၆-၂၀၁၃ ရက်နေ့မှ ၇-၆-၂၀၁၃ ရက်နေ့အထိ ရန်ကုန်မြို့၊ ဟိုတယ်ရန်ကုန်၌ Training of Trainers Workshop on Human Rights (APF) ကို ကျင်းပပြုလုပ်ခဲ့ပါသည်။

(၆) ၁၃-၆-၂၀၁၃ ရက်နေ့မှ ၁၄-၆-၂၀၁၃ ရက်နေ့အထိ နေပြည်တော်၊ Mount Pleasant Hotel ၌ Seminar on Universal Periodic Review (OHCHR) ကို ကျင်းပပြုလုပ်ခဲ့ပါသည်။

(၇) ၁၉-၉-၂၀၁၃ ရက်နေ့မှ ၂၀-၉-၂၀၁၃ ရက်နေ့အထိ ရန်ကုန်မြို့၊ Summit Park View ဟိုတယ်၌ Training Workshop on International Covenant on Civil and Political Rights (RWI) ကို ကျင်းပပြုလုပ်ခဲ့ပါသည်။

(၈) ၂၁-၁၀-၂၀၁၃ ရက်နေ့မှ ၂၂-၁၀-၂၀၁၃ ရက်နေ့အထိ ရန်ကုန်မြို့ Chatrium Hotel တွင် Training on Human Rights and the Role of the Media (RWI) ကို ကျင်းပပြုလုပ်ခဲ့ပါသည်။

(ဃ) **၂၀၁၄ ခုနှစ်အတွင်း ဆောင်ရွက်ချက်များ**

(၁) ၁၃-၁-၂၀၁၄ ရက်နေ့မှ ၁၇-၁-၂၀၁၄ ရက်နေ့အထိ ရန်ကုန်မြို့၊ ဟိုတယ်ရန်ကုန်၌ Training Workshop on Capacity Building for MNHRC Officers and Academia (Mahidol University) ကျင်းပပြုလုပ်ခဲ့ပါသည်။

(၂) ၁၈-၃-၂၀၁၄ ရက်နေ့မှ ၂၀-၃-၂၀၁၄ ရက်နေ့အထိ နေပြည်တော်၊ Emerald Palace ဟိုတယ်၌ Training Workshop on The Prohibition and Prevention of Torture and Ill - Treatment (RWI) ကို ကျင်းပ ပြုလုပ်ခဲ့ပါသည်။

(၃) ၃-၄-၂၀၁၄ ရက်နေ့မှ ၄-၄-၂၀၁၄ ရက်နေ့အထိ ကော်မရှင်ရုံး၌ Disability inclusive Development Workshop (MNHRC) ကို ကျင်းပ ပြုလုပ်ခဲ့ပါသည်။

(၄) ၂၃-၄-၂၀၁၄ ရက်နေ့မှ ၂-၅-၂၀၁၄ ရက်နေ့အထိ ကော်မရှင်ရုံး၌ Human Rights and the Roles and Functions of NHRIs (RWI) ကို ကျင်းပပြုလုပ်ခဲ့ပါသည်။

(၅) ၁၄-၇-၂၀၁၄ ရက်နေ့မှ ၁၆-၇-၂၀၁၄ ရက်နေ့အထိ ရန်ကုန်မြို့၊ အင်းယားလိတ် ဟိုတယ်၌ Introductory Training Workshop on National

Inquiries on the Rights of Persons with Disabilities (RWI) ကို ကျင်းပပြုလုပ်ခဲ့ပါသည်။

(၆) ၂၈-၇-၂၀၁၄ ရက်နေ့မှ ၃၀-၇-၂၀၁၄ ရက်နေ့အထိ မော်လမြိုင်မြို့တွင် Training Workshop on Human Rights for Government Officials of Mon State (MNHRC) ကို ကျင်းပပြုလုပ်ခဲ့ပါသည်။

(၇) ၁၈-၈-၂၀၁၄ ရက်နေ့မှ ၂၀-၈-၂၀၁၄ ရက်နေ့အထိ လွိုင်ကော်မြို့တွင် Training Workshop on Human Rights for Government Officials of Kayah State (MNHRC) ကို ကျင်းပပြုလုပ်ခဲ့ပါသည်။

(၈) ၂၆-၈-၂၀၁၄ ရက်နေ့မှ ၂၇-၈-၂၀၁၄ ရက်နေ့အထိ နေပြည်တော်၊ ဟိုတယ် အမရာ၌ Training Workshop on the International Convention on the Elimination of all forms of Racial Discrimination (ICERD) (RWI) ကို ကျင်းပပြုလုပ်ခဲ့ပါသည်။

(၉) ၁၇-၉-၂၀၁၄ ရက်နေ့တွင် ဟသ်ာတမြို့၊ မြို့တော်ခန်းမ၌ လူ့အခွင့်အရေးဆိုင်ရာ အသိပညာပေး ဟောပြောပွဲ ကိုကျင်းပပြုလုပ်ခဲ့ပါသည်။

**Training Workshop နှင့် HR Talk စာရင်းချုပ်**

| ခုနှစ် | ၂၀၁၁ | ၂၀၁၂ | ၂၀၁၃ | ၂၀၁၄ | စုစုပေါင်း | မှတ်ချက် |
|---|---|---|---|---|---|---|
| Workshop | ၂ | ၃ | ၈ | ၈ | ၂၁ | |
| HR Talk | မရှိ | MNHRC ရုံး ၂ | MNHRC ရုံး ၆<br>အခြားမြို့ ၁၉<br>စုစုပေါင်း ၂၅ | MNHRC ရုံး ၁<br>အခြားမြို့ ၂၀<br>စုစုပေါင်း ၂၁ | MNHRC ရုံး ၉<br>အခြားမြို့ ၃၉<br>စုစုပေါင်း ၄၈ | တက်ရောက်သူ ဦးရေ (၈၀၁၅) ခန့် |

၅၈။ လူ့အခွင့်အရေး ဟောပြောပွဲများ ပြုလုပ်ရာတွင် လူ့အခွင့်အရေး၏ အခြေခံ အနှစ်သာရများ၊ ကမ္ဘာ့လူ့အခွင့်အရေး ကြေညာစာတမ်း၊ မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင် ဖွဲ့စည်းပုံနှင့် လုပ်ငန်းဆောင်ရွက်မှုများ အကြောင်းတို့ကို အဓိက ဟောပြောဆွေးနွေးကြပါသည်။

၅၉။ လူ့အခွင့်အရေးဆိုင်ရာ အသိပညာဗဟုသုတများအား ပြည်နယ်အတွင်း တာဝန်ထမ်းဆောင်လျက်ရှိသော ဌာနဆိုင်ရာ တာဝန်ရှိသူများမှတစ်ဆင့် ပြန့်ပွားစေရန် ရည်ရွယ်ချက်ဖြင့် လူ့အခွင့်အရေးဆိုင်ရာ ဗဟုသုတ အလုပ်ရုံသင်တန်းများကို မွန်ပြည်နယ်နှင့် ကယားပြည်နယ်များတွင် ကျင်းပ ပြုလုပ်ခဲ့ရာ အောက်ပါဘာသာရပ် (၁၁) ခုကို ကော်မရှင် ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌနှင့် ကော်မရှင်အဖွဲ့ဝင်များက သွားရောက်ပို့ချ ဆွေးနွေးခဲ့ကြပါသည်-

(က) လူ့အခွင့်အရေး သမိုင်းကြောင်း အကျဉ်းချုပ်နှင့် လူ့အခွင့်အရေး အယူအဆများ၊

(ခ) ကမ္ဘာ့လူ့အခွင့်အရေး ကြေညာစာတမ်း၊

(ဂ) အဓိက လူ့အခွင့်အရေးစာချုပ် (၉) ခု၊

(ဃ) ကလေးသူငယ် အခွင့်အရေးဆိုင်ရာ သဘောတူစာချုပ်၊ ကလေးသူငယ် ဥပဒေနှင့် ဖွဲ့စည်းပုံ အခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များ နှိုင်းယှဉ်ခြင်း၊

(င) အမျိုးသမီးများအား နည်းမျိုးစုံဖြင့် ခွဲခြားမှုပပျောက်ရေးဆိုင်ရာ စာချုပ်၊

(စ) မသန်စွမ်းသူများ အခွင့်အရေးဆိုင်ရာစာချုပ်၊

(ဆ) ကုလသမဂ္ဂ လူ့အခွင့်အရေးယန္တရား၊

(ဇ) အမျိုးသား လူ့အခွင့်အရေး အဖွဲ့အစည်းများနှင့် ပါရီအခြေခံမူများ၊

(ဈ) မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်၊

(ည) တိုင်တန်းချက်လုပ်ထုံးလုပ်နည်း၊

(ဋ) မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင် ဥပဒေ။

၆၀။ လူ့အခွင့်အရေးဆိုင်ရာ ဟောပြောပွဲ၊ အလုပ်ရုံဆွေးနွေးပွဲနှင့် သင်တန်းများအပြင် အခြားလူ့အခွင့်အရေး မြှင့်တင်ရေးနှင့် လေ့ကျင့်ပညာပေးခြင်းများကို အောက်ပါအတိုင်း ပြုလုပ်ခဲ့ပါသည်-

(က) လူ့အခွင့်အရေးဆိုင်ရာ ဘာသာရပ်ကို ဗဟိုဝန်ထမ်း တက္ကသိုလ်တွင် (၁) ကြိမ်၊ နိုင်ငံတော် ကာကွယ်ရေး တက္ကသိုလ်တွင် (၃) ကြိမ်၊ ပြည်ထဲရေး ဝန်ကြီးဌာန၊ အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန စွမ်းရည်မြှင့်တင်ရေး သင်တန်းကျောင်းတွင် (၄) ကြိမ်နှင့် နိုင်ငံခြားရေး ဝန်ကြီးဌာနတွင် (၅) ကြိမ် ဟောပြောပို့ချခြင်းများ ဆောင်ရွက်ခဲ့ပါသည်။ ထို့အပြင် မြန်မာနိုင်ငံ မသန်စွမ်းသူများ ရှေ့ဆောင်အဖွဲ့တွင် ကျင်းပ ပြုလုပ်သော အမျိုးသားအဆင့် မသန်စွမ်း လူငယ်များ ခေါင်းဆောင်မှု မြှင့်တင်ရေး သင်တန်းတွင် (၁) ကြိမ် သင်တန်းပို့ချမှု ပြုလုပ်ခဲ့ပါသည်။

(ခ) ၁၈-၉-၂၀၁၃ ရက်နေ့တွင် အီလက်ထရောနစ် စာကြည့်တိုက်ကို ထူထောင်ခဲ့ပါသည်။ စာကြည့်တိုက်တွင် မြန်မာဘာသာ (၉၄၉) အုပ်နှင့် အင်္ဂလိပ်ဘာသာဖြင့် (၅၄၅) အုပ်၊ စာအုပ် စုစုပေါင်း (၁၄၉၄) အုပ်နှင့် e-book (၅၀၀) ခန့် စုဆောင်းထားရှိ ပါသည်။

(ဂ) ပြည်သူများအတွင်း လူ့အခွင့်အရေးဆိုင်ရာ အသိပညာပေးရေးနှင့် မြှင့်တင်ရေးအတွက် အလုပ်ရုံဆွေးနွေးပွဲများ၊ သင်တန်းများ ပို့ချပေးနေသည့်သတင်းများ၊ ကော်မရှင်မှ အခါအားလျော်စွာ ထုတ်ပြန်သည့် ကြေညာချက်များကို အချိန်နှင့်တပြေးညီ ပြည်သူများ သိရှိစေနိုင်ရန်အတွက် မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင် ဝက်ဘ်ဆိုဒ် www. mnhrc.org.mm ကို ၁၈-၉-၂၀၁၃ ရက်နေ့တွင် တည်ထောင်ခဲ့ပါသည်။

(ဃ) ကော်မရှင်သည် ၁၇-၄-၂၀၁၄ ရက်နေ့တွင် ကမ္ဘာ့လူ့အခွင့်အရေး ကြေညာစာတမ်း (UDHR) ကို အင်္ဂလိပ်ဘာသာမှ မြန်မာဘာသာသို့ ဘာသာပြန်ဆို ပုံနှိပ်နိုင်ခဲ့ပြီး ၁၈-၆-၂၀၁၄ ရက်နေ့တွင် အများပြည်သူများသိရှိနိုင်ရေး စတင်မိတ်ဆက် ဖြန့်ချိခဲ့ပါသည်။ RWI ၏ ရန်ပုံငွေ ကူညီပံ့ပိုးမှုဖြင့် ဘာသာပြန်ဆိုထားသော ကမ္ဘာ့လူ့အခွင့်အရေး ကြေညာစာတမ်း (UDHR) ကို စာအုပ်ရေ (၁၃၀၀၀၀) ပုံနှိပ် နိုင်ခဲ့ပါသည်။ ၎င်း UDHR စာအုပ်ကို ဝန်ကြီးဌာနများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်နယ်နှင့် တိုင်းအစိုးရအဖွဲ့များနှင့် ပညာရေးဝန်ကြီးဌာနမှတစ်ဆင့် ကျောင်းများသို့ ဖြန့်ဝေခြင်း၊ UN အဖွဲ့အစည်းများ၊ INGOs၊ NGOs နှင့် အရပ်ဘက်အဖွဲ့အစည်းများသို့ ဖြန့်ဝေခြင်း၊ သင်တန်းကျောင်းများတွင် ဟောပြောပို့ချရာတွင် ဖြန့်ဝေခြင်း၊ အလုပ်ရုံ ဆွေးနွေးပွဲများတွင် ဖြန့်ဝေခြင်းများကို ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်လျက်ရှိပါသည်။ ကမ္ဘာ့လူ့အခွင့်အရေး ကြေညာစာတမ်း(UDHR) စာအုပ် (၄၆၀၀၀) ကျော် ဖြန့်ဝေပေးခဲ့ပြီး ဖြစ်ပါသည်။

**နိဂုံးချုပ်**

၆၁။ မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်အား ပြည်ထောင်စုအစိုးရအဖွဲ့၏ အမိန့်ကြော်ငြာစာဖြင့် ဖွဲ့စည်းခဲ့သည့် ကာလအပိုင်းအခြားအတွင်း ဆောင်ရွက်မှု အခြေအနေများကို ပြုစုမှတ်တမ်းတင်၍ တင်ပြခြင်းဖြစ်ပါသည်။

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်

ရက်စွဲ။ ၂၀၁၅ ခုနှစ်၊ မတ်လ ၃၁ ရက်

နေရာ။ ရန်ကုန်မြို့